http://www.cherrythitsar.org

# တစိမ့်စိမ့် ဟာသများ

ဇင်အေး



DIGITAL IDEA DESIGN KO THU THA 03

# တစိမ့်စိမ့်ဟာသများ

ဇင်အေး

http://www.cherrythitsar.org

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်**

၈၄/၂၀၀၃ (၁)

**အဖုံးခွင့်ပြုချက်အမှတ်**

၂၃၇/၂၀၀၃ (၄)

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင်

ချိုတေးသံစာပေ

ပုလဲမြို့ (၃)၊ ရွှေနှံ့သာကျေးရွာ၊ မင်္ဂလာဒုံ။

**အတွင်းသရုပ်ဖော်**

ကိုကောင်းထက်

**အဖုံးဒီဇိုင်း**

ဦးသူသ

**ပုံနှိပ်သူ**

ဒေါ်ချိုချိုအေး

ရူဝံပုံနှိပ်တိုက်

၂၁၈၊ ၃၁ လမ်း၊ ရန်ကုန်မြို့။

**ထုတ်ဝေသည့် ခုနှစ်**

၂၀၀၃ ခုနှစ်၊ မေလ

**အုပ်ရေ**

(၅၀၀) အုပ်

**ထုတ်ဝေသည့်အကြိမ်**

ပထမအကြိမ်

**တန်ဖိုး**

၂၈၀ ကျပ်

**ဖြန့်ချိရေး**

**ရူဝံစာပေတိုက်**

အမှတ် ၂၁၆၊ ၃၁ လမ်း၊ ရန်ကုန်မြို့။ ဖုန်း ၇၀၆၀၅၅

**ထွန်းစာပေ**

အမှတ် ၁၆၃၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။

# အမှာစာ

လူ့ဘဝသည် ထွေပြားလှ၏။ တစ်ခါတစ်ရံ ပျော်ရွှင်စရာ များနှင့် ကြုံတွေ့ရတတ်သကဲ့သို့ တစ်ခါတစ်ရံတွင် စိတ်ညစ်စရာ၊ စိတ်ရှုပ်စရာ များနှင့် ရင်ဆိုင်ရတတ်ပါသည်။

ပျော်ရွှင်စရာများနှင့် ကြုံတွေ့ရသည့်အခါ နေသာသော်လည်း၊ စိတ်ညစ်စရာ၊ စိတ်ရှုပ်စရာတို့နှင့် ကြုံတွေ့ရသည့်အခါ မျက်နှာက ရှုံ့မဲ့မဲ့ နှင့် စိတ်မှာလည်း မလန်းဆန်းတော့ပေ။

စိတ်ညစ်နေသူ၏ မျက်နှာကိုကြည့်၍ ဘေးပတ်ဝန်းကျင်မှ လူမှာလည်း ထိုသူကဲ့သို့ စိတ်မကြည်ရွှင်နိုင်တော့ပေ။ ပျော်ရွှင်ကြည်နူးနေသော လူ၏မျက်နှာကိုမြင်လျှင် မြင်ရသူပါ စိတ်ကြည်နူး မှု ရရှိနိုင်ပါသည်။

စိတ်ညစ်နေသည့်အခါ ရယ်ဖို့ကိုပင် မေ့နေတတ်၏။ မရယ်မောမိပါက မျက်နှာက အကြောတို့က ဆိုင်းတိုင်းတိုင်းနှင့် အိုမင်း ရင့်ရော်နေသူ ပမာ ဖြစ်တတ်၏။ ရယ်မောလိုက်ပါက ပြန်လည်လန်းဆန်းလာနိုင်၏။ ဘဝ၏ ပျော်ရွှင်မှုတို့ကို ပြန်လည် ရရှိနိုင်၏။

ထိုမျှမကသေး 'ရယ်သောသူ အသက်ရှည်၏' ဟူသော စကားပုံ တစ်ခုရှိ၏။ ဒါက ရယ်မောလိုက်ခြင်း၏ အကျိုးကျေးဇူးပင်။ ဒါကြောင့် ရယ်မောဖို့ လိုပါ၏။ ရယ်မောခြင်းသည် ဘဝအမောပြေပျောက်စေရာ ဆေးတစ်လက်ပင် ဖြစ်ပါသည်။

လူတိုင်း ပြုံးပျော်ရယ်မောနိုင်ပါစေ။

**ဇင်အေး**

http://www.cherrythitsar.org



# ကျွန်မလိုချင်တာ

ထိုနေ့မနက်က မိန်းမပျိုတစ်ဦးသည် ဆေးရုံတစ်ရုံ၌ သန်မာဖွံ့ထွားသော သမီးလေးတစ်ဦးအား မွေးဖွားခဲ့လေသည်။ နာရီအတန်ကြာသွားပြီးသည့်နောက်တွင် အိပ်ယာတွင် ထိုင်ရင်း ဖုန်းလမ်းညွှန်စာအုပ်တစ်အုပ်၏ စာမျက်နှာများကို လှန်လှောနေသည်ကို သူနာပြုဆရာမတစ်ယောက်က တွေ့မြင်သွားလေသည်။ မိန်းမပျိုက သူနာပြုဆရာမအား ကလေးအတွက် နာမည်လိုက်ရှာနေကြောင်း ရှင်းပြခဲ့၏။

ထိုအခါ သူနာပြုဆရာမက'ကျွန်မတို့ဆီမှာ ယောကျ်ားလေးနဲ့ မိန်းကလေးတွေအတွက် နာမည်ပါတဲ့စာအုပ်အချို့ရှိတယ်၊ ကျွန်မ ရှင့်အတွက်ယူပေးမယ်' ဟုပြောလေသည်။

ထိုအခါ အမျိုးသမီးငယ်က 'ကျွန်မရှာနေတာ အဲဒါမဟုတ်ဘူး၊ ကျွန်မလိုချင်တာက ခလေးအဖေရဲ့နောက်ဆုံးနာမည်ကိုပါ' ဟုပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



## လုပ်နိုင်ပါ့မလား

မိန်းကလေးသည် ဇွတ်အတင်းပြောနေသော ချစ်သူအား 'ရှင်က၊ ရှင့်ကိုယ်ရှင် လောကမှာ အချစ်အကြီးဆုံးလူလို့ပြောတယ်နော်၊ ဒါဆိုတရားရုံးမှာရှင်ထွက်ဆိုနိုင်ပါ့မလား' ဟုမေးလိုက်လေသည်။

❑ ❑ ❑

## အချစ်ဆိုတာ

အချစ်ဆိုသည်မှာ အိမ်သာသုံးစက္ကူနှင့်တူ၏။ ပထမတစ်ရွက်ကို ဖြဲဆုတ်ပြီးသည့်အခါ နောက်ပိုင်းက အလွယ်တကူထွက်လာတတ်၏။

❑ ❑ ❑

# အဖြစ်ကဒီလို

စပ်စုတတ်သောအိမ်နီးချင်းတစ်ဦးသည် အိမ်ဘေးနားမှ ကိုယ်ဝန်သည်မိခင်တစ်ဦးထံသွားပြီး 'ရှင်ကလေးယူတော့မှာလား' ဟုမေးလေသည်။ ကိုယ်ဝန်သည်မိခင်က နှစ်ခြိုက်စွာ ပြုံးရင်း 'မဟုတ်ပါဘူး၊ ကျွန်မကဒီကိုယ်ဝန်ကို သူငယ်ချင်းတစ်ယောက် အတွက်ဆောင်ထားပေးတာပါ'ဟု ပြောလိုက်လေသည်။

❑ ❑ ❑

# တော်သေးတာပေါ့

'ကြောက်စရာကြီး ၊ ဒေ့(ဗ်)ကသူ့လက်ကိုဖြတ်ပစ်လိုက်တယ်'

'တစ်ချောင်းလုံးလား'

'မဟုတ်ဘူး၊ အဲဒီလက်ဘေးကတစ်ချောင်းကို'

❑ ❑ ❑

http://www.cherrythitsar.org



# ဆံပင်ရိတ်ခ

ကျောင်းသား - 'ဆံပင်ညှပ်ခဘယ်လောက်လဲ'
ဆံသဆရာ - '၁၅၀'
ကျောင်းသား - 'မုတ်ဆိတ်ရိတ်ရင်ရော'
ဆံသဆရာ - 'ခြောက်ဆယ်'
ကျောင်းသား - 'ကောင်းပြီ၊ ဒါဆို ကျွန်တော့်ကို ဆံပင်ရိတ် ပေးပါ။

❑ ❑ ❑

http://www.cherrythitsar.org



# အပြန်အလှန်

ဒုတိယတန်းကျောင်းဆရာမတစ်ဦးသည် နှစ်စဉ်နှစ်တိုင်း ပင် အောက်ဖော်ပြပါစာရွက်အား ကလေးများ၏ဂျက်ကင်အကျႌ၌ တွယ်ကပ်ချိတ်ပေးလေ့ရှိ၏။

'မိဘများရှင့်-ကျောင်းမှာဖြစ်ပျက်ခဲ့သမျှ ရှင်တို့ကလေးများ ပြောပြတဲ့အရာအားလုံးကို ရှင်တို့မယုံပါဘူးလို့ ကတိပြုမယ်ဆိုရင်၊ ကျွန်မကလည်း ကလေးတွေပြောသမျှကို မယုံဘူးလို့ပြန်ကတိပေး ပါတယ်'

❑ ❑ ❑

http://www.cherrythitsar.org



# ကျွန်တော့်သဘောက

'မင်းက ငါ့သမီးကို သူနေခဲ့တဲ့အတိုင်း ဖိမ်ကျကျထားပေးနိုင်မယ်လို့များထင်လို့လား'

'အရင်တုန်းကလို တော့ ထားမပေးနိုင်တော့ပါဘူး၊ ဒါကြောင့် ကျွန်တော်လက်ထပ်လိုက်ချင်တာပေါ့'

❑ ❑ ❑

http://www.cherrythitsar.org



# ကိုယ့်အကြောင်းနှင့်ကိုယ်

ကလေးကိုးယောက်၏ မိခင်တစ်ဦးသည် ရက်အနည်း ငယ် အတွင်း၌ ကလေးဆယ်ယောက်မြောက် ရရန်စောင့်နေ၏။ 'ကျွန်မကလေးယူရတာစိတ်ကုန်နေပြီ'ဟု ညည်းညူလိုက်၏။

'ဒါဆိုရင်ရပ်လိုက်ပေါ့'ဟု လူနာ လာကြည့်သောဆေးဆရာမကြည့်သည်က ပြောလိုက်၏။

ထိုအခါမိခင်က'ဒါပေမယ့်အငယ်ဆုံးကလေးမပျက်ဆီးအောင်လုပ်ဖို့ ဒါကလည်း ကျွန်မသိတဲ့ တစ်ခုတည်းသောနည်းလမ်း ဖြစ်နေ လို့ပါ'ဟု ပြန်ပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# ညော်.....ညော်

တစ်နေ့တွင် စားပွဲထိုးမလေးတစ်ဦးသည် စေ့စပ်လက်စွပ် ဝတ်ဆင်ပြီး အလုပ်သို့ဂုဏ်ယူစွာနှင့် လာလေသည်။ အတူလုပ်ဖော် ကိုင်ဖက်အသက်ကြီးအမျိုးသမီးက လက်စွပ်ကိုမြင်၍ အရာရာမှာ ပျော်ရွှင်မှုရပါစေဟုဆုတောင်းပေးလေသည်။ 'ဒါပေမယ့်ငါညည်း ကိုအကြံပေးမယ်၊ သူ့အလိုကိုသိပ်မလိုက်နဲ့၊ မင်းအခွင့်အရေးကို မင်းရအောင်တောင်း၊ ငါအိမ်ထောင်ကျတော့ ငါ့ယောကျ်ားကို အရက်နဲ့ဆေးလိပ် အတင်းဖြတ်ခိုင်းတယ်'။

'သူဖြတ်ပစ်လိုက်ရောလား' ဟု စားပွဲထိုးကောင်မလေးက အံ့သြသင့်စွာမေးလေသည်။

'ငါမသိဘူး'ဟု အကြံပေးဆရာမကပြော၏။

'ငါသူနဲ့မတွေ့ရတာနှစ်နှစ်ဆယ်ရှိနေပြီ'။

❑ ❑ ❑

http://www.cherrythitsar.org



# ဒါကြောင့်ကိုး

'ဟိုမိန်းမနှစ်ယောက်ကိုကြည့်စမ်း၊ သိပ်တူတာပဲ၊ အမွှာပဲ ဖြစ်ရမယ်'

'မဟုတ်ဘူး၊ သူတို့ကဆရာဝန်တစ်ယောက်ဆီမှာပဲ မျက်နှာကို ခွဲစိတ်ပြုပြင်ခဲ့ကြတာလေ'

❑ ❑ ❑

http://www.cherrythitsar.org



# မိုးလေဝသခန့်မှန်းချက်

မိုးလေဝသ - 'ဒီနေ့ နေ့ လယ်ခန့်မှန်းချက်အရ မိုးရွာမှာ မဟုတ်ဘူး။

ခန့်မှန်းသူ
လက်ထောက် - 'သေချာလို့လား'
ခန့်မှန်းသူ

မိုးလေဝသ - 'သေချာတာပေါ့၊ ငါ့ထီးပျောက်သွားတယ်၊ ငါ့ဖဲ ကစားဖို့ငါစီစဉ်ထားတာ၊ ငါ့ဇနီးက မြက်ခင်းပြင် ပါတီပွဲ လုပ်ဖို့စီစဉ်ထားတာလေ'

❑ ❑ ❑

http://www.cherrythitsar.org



## မတို့သဘာဝ

အမျိုးသမီးအများစုသည် နားသောတဆင်မည့်ပရိတ်သတ်တစ်ဦးအား အလိုရှိသည့်အခါတွင် ဆရာဝန်ကိုပင် ခေါ်ကြလေ့ရှိသည်။

❑ ❑ ❑

## အဲဒီအချိန်ထိ

သတို့သမီးငယ်တစ်ဦးသည် မိခင်ဖြစ်သူထံဖုန်းဆက်ရင်း ဖုန်းထဲမှငိုရင်းပြောနေ၏။

'ကျွန်မယောကျ်ားကို ဆက်ပြီး သည်းမခံနိုင်တော့ဘူး၊ သူ့စိတ်ထားကတော်တော်ဆိုးတယ်၊ သမီးကိုကြောက်လန့်တုန်ရီအောင်လုပ်တယ်၊ သမီးအခုအတော်လေးပိန်ကျသွားပြီ'

အမေဖြစ်သူက မကျေမနပ်နှင့် 'ဒါဆိုလည်းသမီးသူ့ကိုထားခဲ့ပါတော့လား' ဟုပြောလေသည်။

'သမီးကွာမယ်၊ ဒါပေမယ့်သမီးရဲ့ပေါင်ချိန် (၁၂၀)ဖြစ်သွားတဲ့အထိစောင့်နေတာပါ။'

❑ ❑ ❑

http://www.cherrythitsar.org





# အဲဒီလိုလူစားမျိုး

အမျိုးသား - ‘ကျုပ်ဟာ ကျုပ်လိုချင်တဲ့အရာကို အမြဲရအောင် ယူတတ်တဲ့လူစားဗျ’

အမျိုးသမီး - ‘ကျွန်မကတော့ ရှင်ဟာအမြဲတမ်းတောင်း တတ်ပြီး တောင်းတာကိုပဲရတဲ့လူမျိုးလို့ထင်တယ်’

❑ ❑ ❑

http://www.cherrythitsar.org





## ဘာများဖြစ်ခဲ့လို့လဲ

အလုပ်ရှင်က အလုပ်ချိန်နာရီဝက်နောက်ကျမှရောက်လာသော ရုံးဝန်ထမ်းကောင်လေးအား 'မင်းဒီကို ကိုးနာရီတည်းက ရောက်ရမှာလေ' ဟုပြောလေသည်။

ရုံးဝန်ထမ်းကောင်လေးက 'ဘာဖြစ်လို့လဲ၊ ဘာဖြစ်ခဲ့လို့ပါလဲ ခင်ဗျာ' ဟုပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# ဆက်လုပ်နေရင်တော့

လူတစ်ယောက်သည် မျက်လုံးပြူးထွက်နေသောကြောင့်လည်းကောင်း၊ နားထဲတွင်လည်း တဝွင်ဝွင်မြည်နေသောကြောင့်လည်းကောင်း၊ ဆေးကုသမှု ခံယူလေသည်။ ဆရာဝန်က သူ့အား စစ်ဆေးကြည့်ပြီး အာသီးကို ထုတ်ပစ်ရန်အကြံပေးလေသည်။

ခွဲစိတ်ကုသမှုသည်အရာမထင်ခဲ့ပေ။ သို့ဖြစ်၍ လူနာသည် အခြားဆရာဝန်တစ်ယောက်နှင့် ထပ်ပြပြန်လေသည်။ နောက်ဆရာဝန်က သူ့အား သွားနှုတ်ရန်ပြော၏။ သွားကို နှုတ်သော်လည်း ထိုသူ၏ မျက်လုံးမှာ ပြူးမြဲပြူးနေပြီး နားထဲ တွင်လည်း တဝွင်ဝွင် မြည်နေပြန်သေးသည်။

တတိယမြောက်ဆရာဝန်က 'ခင်ဗျားအသက်ရှင်ဖို့ ခြောက်လပဲကျန်တော့တယ်'ဟု ပွင့်ပွင့်လင်းလင်း ပြောလိုက်လေသည်။

ထိုအချိန်မှာပင် ဘဝ၏နောက်ဆုံးအချိန်ရောက်နေသောလူသည် တတ်နိုင်သမျှ သူ့ကိုယ်သူ ကောင်းကောင်းထားမည်ဟု ဆုံးဖြတ်လိုက်၏။

http://www.cherrythitsar.org



အပျံစားကားတစ်စီးကို သူဝယ်သည်။ နောက် အင်မတန် သွက်လက်သော ကားဒရိုင်ဘာတစ်ဦးကိုငှားသည်။ မြို့ထဲမှ အကောင်းဆုံး အဝတ်ချုပ်သမားကိုခေါ်၍ ဝတ်စုံငါးထည်ချုပ်ခိုင်း၏။ သူ့အကျီတွေကိုမှာပြီးဝတ်ဖို့ဆုံးဖြတ်လိုက်၏။

'ကောင်းပြီ'

'အကျီအတိုင်းယူရအောင်၊ အင်း-လက်က ၃၄၊ ပခုံးက ၃၆'

'လည်ပင်းက ၁၅'ဟုထိုသူက ဝင်ပြော၏။

'၁၆ ပါ' ဟုအကျီချုပ်သမားက ထပ်ပြောလိုက်၏။

'ဒါပေမယ့်ကျုပ်ဝတ်တာ ၁၅ ပဲ'

ထိုအခါအကျီချုပ်ဆရာက-

'ကျုပ်ပြောပြမယ်၊ နားထောင်၊ ကျုပ်ခင်ဗျားကို သတိပေးနေတာ၊ ခင်ဗျား၁၅ပဲဆက်ဝတ်နေမယ်ဆိုရင်၊ ခင်ဗျားရဲ့မျက်လုံးပြူးထွက်နေမယ်။ ခင်ဗျားနားထဲမှာ တဂွင်ဂွင်မည်နေလိမ့်မယ်' ဟု ပြောလိုက်လေတော့သည်။

❑ ❑ ❑

http://www.cherrythitsar.org



# မပြောလိုက်ပါနဲ့

အသက်(၅)နှစ်အရွယ်ရှိ ဂျွန်အား -
'ဘယ်သူ့သားလေးလဲ'ဟု မိခင်ကမေးလေသည်။
ထိုအခါဂျွန်က၊ 'အမေ သားကိုတော့ အမေမသိဘူးလို့ မပြောလိုက်ပါနဲ့နော်'ဟု ပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



## အရင်ထုတ်ပစ်ရမှာက

အမျိုးသမီးတစ်ယောက်သည် အော်ဟစ်ရင်း ပြေးဝင်လာ၏။ 'ဆရာ၊ဆရာ မြန်မြန်လာပါအုံး၊ ကျွန်မယောက်ျား ကြွက်တစ်ကောင် မျိုချမိလို့'

'သူ့ဆီကိုပြန်သွားလိုက်၊ သူ့ပါးစပ်ရှေ့မှာ ဒိန်ခဲစတစ်တုံး ဝှေ့ယမ်းပြလိုက်၊ ကျွန်တော်လိုက်လာခဲ့မယ်' ဟု ဆရာဝန်ကပြောလိုက်၏။

ငါးမိနစ်ကြာမှ ဆရာဝန်သည် အိမ်သို့ရောက်သွားလေသည်။ လူတစ်ယောက်သည် ပါးစပ်ကြီးပွင့်လျက်သား ဆက်တီပေါ်တွင်လဲနေ၏။ အမျိုးသမီးက သွေးရူးသွေးတန်းနှင့် ထိုသူ၏မျက်နှာနားရှေ့တွင် ငါးသလောက်ခြောက်ကို ဝှေ့ယမ်းနေ၏။

'ခင်ဗျားရူးနေလား၊ ကျုပ်ခင်ဗျားကိုဒိန်ခဲကိုပြပါလို့ဆိုနေ'

'ကျွန်မသိပါတယ် ဆရာရယ်၊ ဒါပေမယ့် ကျွန်မက ကြောင်ကို အရင်ဆုံး ထုတ်ပစ်ရမှာမို့ပါ' ဟု အသံစူးစူးနှင့် ပြန်ပြောလိုက်လေတော့သည်။

❑ ❑ ❑

http://www.cherrythitsar.org



# မထင်မိဘူးလား

ဂျူးဘာသာရေးပွဲတော်မတိုင်မီ နှစ်ရက်အလိုကဖြစ်၏။ ချမ်းသာကြွယ်ဝသော ဂျူးဘဏ်လုပ်ငန်းရှင်သည် အင်္ကျီချုပ်သမားအား ဝတ်စုံအသစ်အချိန်မီမပြီးသည့်အတွက် ဒေါသဖြစ်နေ၏။

'ကဲ-မင်းအဲဒီအင်္ကျီချုပ်နေတာ အချိန်တန်နေပြီ။ ဘုရားကျောင်းကို အင်္ကျီအဟောင်းနဲ့ပဲငါသွားရတော့မယ်နဲ့တူပါတယ်ကွာ၊ ရပ်မနေနဲ့လေ၊ ကဲ-အဝတ်တွေပြ၊ မင်းအလုပ်ဘယ်လောက်လုပ်ထားပြီးနေပြီလဲ၊ အမှားအယွင်းလုပ်ထားတာကို ငါမလိုချင်ဘူး၊ မင်းသိတယ်နော်'။

အင်္ကျီချုပ်သမားက အဝတ်အထည်အသစ်များအား ရိုရိုကျိုးကျိုးနှင့်ပြသလိုက်၏။ ဘဏ်သူဌေးသည် ကိုယ်ကျပ်အင်္ကျီနှင့်ဘောင်းဘီများအား စစ်ဆေးပြီးသောအခါ စိတ်ထားအနည်းငယ်ပျော့ပျောင်းသွားလေသည်။ အကြောင်းမှာ ဝတ်စုံအသစ်အားအလွန်လှပစွာချုပ်လုပ်ထား၍ဖြစ်သည်။


ဘဏ်သူဌေးက အပ်ချုပ်သမားအား 'မင်းအဲဒီလောက်ထိ အချိန်ကြာအောင်မချုပ်ခဲ့ဘူးဆိုရင်ကွာ'ဟု ပျော့ပျော့ပျောင်း ပျောင်း ဆိုလေသည်။ 'မင်းသိပါတယ်။ ဒါတို့ရဲ့ဘုရားသခင်ဟာ ဒီကမ္ဘာကို ဖန်တီးဖို့အချိန်ခြောက်ရက်ပဲကြာတယ်၊ မင်းကတော့ ဒါကိုချုပ်ဖို့တစ်ပတ်တောင်ကြာတယ်ကွာ' ဟုပြောလိုက်၏။

'ဟုတ်ပါတယ်၊ ကျွန်တော်ရဲ့ ဒီဝတ်စုံနဲ့ကမ္ဘာကိုယှဉ်ကြည့် လိုက် ပါအုံး၊ ဘုရားသခင်သည် နောက်တစ်ပတ်လောက်ကြာခဲ့ မယ် လို့ ဆရာမထင်မိဘူးလား'။

❑ ❑ ❑

http://www.cherrythitsar.org





# ဒါကြောင့်မို့ပေါ့

'မင်းဘာဖြစ်လို့ပီတာကိုလက်ထပ်ခဲ့တာလဲ'
'သူ့ငွေကြောင့်ပေါ့'
'ဒါဆိုမင်းဘာလို့သူနဲ့ကွာရှင်းချင်ရတာလဲ'
'ကျွန်မငွေရသွားပြီမို့လို့ပါ'

❑ ❑ ❑

http://www.cherrythitsar.org





## ရုပ်ဆိုးမှာစိုးလို့

တမြန်နေ့မနက်က မနက်စာစားပွဲတွင် အမျိုးသား သည် ဇနီးသည်အား ယမန်နေ့ညက ကလပ်တွင်ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်အား ပြန်ပြောပြနေ၏။ အိမ်ထောင်သက် တစ်လျှောက်လုံးတွင် ဇနီးသည်မှလွဲ၍ ဘယ်အမျိုးသမီးကိုမှ မနမ်းဘူးကြောင်း မှန်မှန်ကန်ကန် မတ်တပ်ရပ်ထပြောသော အဖွဲ့ဝင်တစ်ဦးအား ဥက္ကဋ္ဌက ပိုးဦးထုပ်ပေးခဲ့ကြောင်းပြောပြ၏။

'ဒါကို မင်းယုံလား၊ မေရီ။ ဘယ်သူမှ မတ်တပ်ထမရပ်ကြဘူး'

'ဂျော့(ချ်) ရှင်ကရော ဘာဖြစ်လို့ထမရပ်ရတာလဲ'ဟု ဇနီးသည်ကမေးလေသည်။

'အဲ-ကိုယ်လည်းထရပ်မလို့ပါပဲကွာ၊ ဒါပေမယ့် ကိုယ့်ရုပ်က ပိုးဦးထုပ်နဲ့ဆို ရုပ်ဆိုးလို့ပါကွာ' ဟု ပြန်ဖြေလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# ဘာထင်လို့လဲ

ဘာလင်မြို့ပေါ်တွင် အမေရိကန် ဗုံးကြဲလေယာဉ်များ ပျံဝဲနေကြ၏။ ဟော်ဖေါင်က ခင်ပွန်းအား 'မြန်မြန်လုပ်လေ၊ သွားခိုကြရအောင်'ဟု အော်ပြောလိုက်၏။

'ငါ့သွားတုမတွေ့လို့ကွ' ဟုခင်ပွန်းသည်က ပြန်အော်လေသည်။

'သူတို့ဘာတွေကြဲချမယ်လို့ရှင်ထင်နေလို့လဲ' 'အသားညှပ်ပေါင်မုန့်တွေကြဲချမယ်လို့များထင်နေလား'ဟု အသံခပ်စူးစူးနှင့် အော်လိုက်တော့သည်။

❑ ❑ ❑



**ရွှေးဟောင်းပစ္စည်းစုသူ**

သတို့သားက ‘ကျွန်တော် တွေ့ဖူးသမျှသတို့သမီးတွေထဲမှာ သူဟာ ဒေါသအကြီးဆုံးပဲ၊ ဘာကြောင့် ဒီလောက်ဒေါသကြီးရတာလဲဆိုတာ ကျွန်တော် မတွေးတတ်ဘူး၊ သတင်းစာမှာ သူမလက်ထပ်မယ့် အစီအစဉ်အားလုံးပါတယ်’ ပြောလေသည်။

အရံသတို့သမီးက ‘ဟုတ်တယ်လေ၊ သတင်းစာမှာက သတို့သားဟာ နာမည်ကြီး ရှေးဟောင်းပစ္စည်း စုဆောင်းသူဖြစ်တယ် လို့တောင်ထည့်ထားသေးတယ်’ဟု ပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# ခင်ဗျားကအရင်ဆုံးပဲ

ကပွဲတစ်ခုတွင် သူမသည် လှည့်၍ကရင်း ဒူးလည်သွား၏။ ဒူးဒါဏ်ရာဘယ်သို့ရလာခဲ့သည်ကို ဖွင့်ပြောရန်ရှက်သည်နှင့် လေးရက်မျှ ဝေဒနာခံစားခဲ့ရ၏။ နောက်တော့မှ မာနကိုမျိုသိပ်၍ ဆရာဝန်တစ်ဦးထံ သွားပြပါသည်။

အဖြစ်အပျက်အားလုံးကို ပြောပြီးသောအခါ ဆူပူခံရမည်ဟုထင်နေခဲ့၏။ ဆရာဝန်က မဆူပဲ ပြုံးပြီး ပြောလိုက်လေသည်။ 'အခုလိုလာတာကျေးဇူးတင်တယ်၊ ဆေးရုံမှာရှိတဲ့အခြားဆရာဝန်တွေက သူတို့ဆီကို ခြေခေါက်လို့ လာပြတဲ့လူနာတွေအကြောင်းပြောနေကျပဲ၊ ကျုပ်မှာဒီလို လူနာတစ်ယောက်မှ လာမပြဘူးလို့' ဟု ပြောလိုက်လေသည်။

❑ ❑ ❑

# မနက်ဖြန်မှ

ဒန်နီလေးအား ပါတီပွဲတစ်ပွဲသို့လာရန်ဖိတ်ကြားလေသည်။ ထို့ကြောင့်အိမ်မှထွက်လာခဲ့၏။ မိခင်က ဒန်နီလေးအား ကောင်းကောင်းမွန်မွန်နေရန်မှာလိုက်လေသည်။ 'မစ်ဝယ်ဆန်ကို မေမေပြောထားတယ်နော်၊ သားရိုင်းစိုင်းတဲ့စကားလုံးသုံးပြီး ပြောတာနဲ့ အိမ်ကိုချက်ချင်းပြန်လွှတ်ဖို့ပြောထားတယ်'

ဒန်နီသည် အမြန်ဆုံးသွားရောက်ခဲ့၏။ မိနစ်နှစ်ဆယ်ကြာပြီးသောအခါ ဒန်နီသည် လှေကားထစ်များပေါ် ဖြေးဖြေးချင်းလှမ်း၍ အိမ်ရှေ့တံခါးမှ ဝင်လာလေသည်။ စိတ်ပျက်လက်ပျက်ဖြစ်နေသောမိခင်က ဒန်နီရှင်းပြသည့် စကားတစ်စုံတစ်ရာကိုနားထောင်မနေတော့ဘဲ၊ ဒန်နီအား အိပ်ယာဝင်ရန်အတင်းခိုင်းလေသည်။ ထို့နောက်အိမ်ရှေ့ဧည့်ခန်းတွင် ထိုင်နေလိုက်၏။

ခဏကြာပြီးနောက်တွင် မိခင်သည် ဝမ်းနည်းသွား၏။ ဒန်နီအား တွေ့ရန်အပေါ်ထပ်သို့ တက်သွားကာ အိပ်ယာနံဘေး တွင် ထိုင်ရင်း'ကဲ-အဖြစ်မှန်ကိုသားမေမေ့ကိုအခုပြောပြ၊ ဘာဖြစ် လို့မစ္စစ်ဝယ်ဆန်က သားကို အိမ်ပြန်လွှတ်လိုက်ရတာလဲ။ သား ဘာလုပ်ခဲ့လို့လဲ'ဟုမေးလိုက်လေသည်။

ဒန်နီကခေါင်းကိုလက်နှင့်ထောက်ရင်း 'ကျွန်တော်လုပ်ခဲ့လို့လားမေမေ၊ သား ဘာမှမလုပ်ခဲ့ပါဘူး၊ အဲဒီပါတီပွဲက မနက်ဖြန်မှလုပ်မှာလေ'ဟုပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# သူ့အကြောင်း

ချားစ်လမ်ဘယ်သည် ရုံးလုပ်ငန်းဘဝကို မနှစ်သက်ပေ။ အင်ဒီယန်ဟောက်စ်ရှိ သူ့အလုပ်ချိန်များကို မသေမချာ လုပ်တတ်လေသည်။ တစ်နေ့၌ အရာရှိက ချားစ်အား 'မစ္စတာလမ့် ခင်ဗျား ရုံးကိုလာတာ သိပ်နောက်ကျတယ်လို့ ကျုပ်သတိထားမိတယ်'ဟု ပြောလေသည်။

'ဟုတ်ပါတယ်ဆရာ။ ဒါပေမယ့် ကျွန်တော်အလုပ်ကနေ စောစော ပြန်တာကိုလည်း ဆရာသတိပြုမိမှာပါ'ဟု ပြောလေ သည်။

ချားစ်၏ဆင်ခြေစကားမှာ ရှုပ်ထွေးပဟေဠိဆန်လွန်း၍ အရာရှိမှာ ဘာပြန်ပြောရမှန်း မသိခဲ့ချေ။ ပြောမည်လုပ်သည့် အချိန်မှာတော့ ချားစ်လမ့်တစ်ယောက် မရှိတော့ချေ။

❑ ❑ ❑

http://www.cherrythitsar.org



# အများကြီးပဲ

နာမည်ကြီးအဆိုတော် ဘာဘရာစထိုက်ဆန်က သူမ၏ ကလေးဘဝကို ပြောပြ၏။ 'ကျွန်မတို့သိပ်ကိုဆင်းရဲခဲ့ကြပါတယ်။ ဒါပေမယ့်ကျွန်မတို့ဆီမှာ ငွေပေးလို့ဝယ်မရတဲ့ပစ္စည်းတွေ အများကြီးရှိခဲ့ပါတယ်။ အဲဒါတွေကတော့ ငွေမရှင်းရသေးတဲ့ ငွေတောင်းခံလွှာတွေပေါ့'

❑ ❑ ❑

# ထိမ်းမြားခြင်းကား

ထိမ်းမြားလက်ထပ်ခြင်းသည် ဖဲချပ်တစ်ထုပ်နှင့် တူ၏။ ခင်ပွန်းလိုက်ပိုးပန်းနေစဉ်မှာတော့ Heart ဖဲချပ်ပေါ့၊ ခင်ပွန်းစေ့စပ်တဲ့အခါမှာတော့ အဲဒါဟာ Diamondပဲ၊ မင်္ဂလာဆောင်ပြီးတဲ့ အခါကျရင်တော့ Clubs တွေဖြစ်သွားရော။ အဆုံးမှာတော့ အားလုံးဟာ Spades တွေ ဖြစ်ကုန်တော့တာပါပဲ။

❑ ❑ ❑

http://www.cherrythitsar.org



# ဒါကြောင့်ကိုး

အသက် ကိုးနှစ်အရွယ်ကောင်မလေးတစ်ယောက်သည် စွန့်စားခန်းဇာတ်လမ်းများ၊ မဟုတ်မဟတ် လုပ်ကြံရေးထားသော စာများကို စွဲလမ်းလွန်း၍ ကျောင်းစာဖတ်ဖို့ကိုပင် လျစ်လျူရှုခဲ့၏။ သူမ၏အခန်းသည် အလွန်တရာပင် ရှုပ်ပွနေ၏။ မိခင်၏ တိုက် တွန်းချက်တို့သည် သဲထဲရေသွန်သလိုပင်။

သို့ရာတွင် တစ်နေ့နေ့လည်ခင်း၌ သမီးဖြစ်သူ၏ အခန်းသည် ဆေးရုံကြီးတစ်ရုံ၏ခွဲစိပ်ခန်းလို သန့်ရှင်းသပ်ရပ်နေသည်ကို မိခင်ဖြစ်သူက တွေ့လိုက်ရလေသည်။ ‘တယ် အံ့သြစရာကောင်းပါလား၊ သမီး ဘယ်လိုဖြစ်သွားတာလဲ’

‘အိမ်မှုကိစ္စဟာ ဘယ်လောက်အရေးပါသလဲဆိုတာ သမီးသိပါပြီ’ဟု သမီးကမိခင်အား ပြောလိုက်လေသည်။

‘သတင်းစာထဲမှာ အမျိုးသမီးနှစ်ဦး အိမ်ကို သပ်သပ်ရပ်ရပ်မထားလို့ဆိုပြီး တစ်ယောက်ကို ထောင်တစ်နှစ်စီကျခံရတယ်လို့ သမီးဖတ်လိုက်ရလို့ပါ’။

❑ ❑ ❑

http://www.cherrythitsar.org



# ဆက်ခံမည့်သူ

အယ်ဒီတာတစ်ဦးသည် သားဖြစ်သူအား ကျောင်းပြေးသောကြောင့်လည်းကောင်း၊ လုံ့လဝီရိယမရှိ၍လည်းကောင်း ဆုံးမသွန်သင်နေ၏။

'မင်းနေ့တိုင်းကျောင်းတက်ရမယ်၊ စာကို ကြိုးကြိုးစားစား သင်ရမယ်၊ ဒါမှ တကယ်တော်တဲ့ ပညာတတ်တစ်ယောက်ဖြစ်လာမှာပေါ့၊ ဒါမှမဟုတ်ရင် မင်းသိတယ်မဟုတ်လား၊ သားဟာ အဖေ့ခြေရာကိုလိုက်ပြီးအယ်ဒီတာဖြစ်လာမှာမဟုတ်ဘူး၊ အယ်ဒီတာ ဖြစ်ဖို့ဆိုတာ ဗဟုသုတရှိဖို့ အရေးကြီးတယ်၊ ဥပမာပြောရရင် မဂ္ဂဇင်းက အမှားတွေတသီကြီးနဲ့ထွက်လာရင် မင်းဘာလုပ်မလဲ'

'ဖေဖေ ဒါဆိုရင်သားက ပုံနှိပ်စက်ကို အပြစ်တင်မှာပေါ့'

သို့ဖြစ်၍ ဖခင်ဖြစ်သူသည် နောက်ဆုံးဆက်ခံမည့်လူရပြီ ဆို၍ ပျော်ရွှင်စွာနှင့် ထွက်သွားလေတော့သည်။

❑ ❑ ❑

http://www.cherrythitsar.org



# ကျွန်မနဲ့မတော်တာက

အမျိုးသမီးတစ်ဦးသည် ဖုန်းမှနေ၍ ဆရာဝန်အား ပြောနေ၏။

'ကျွန်မ တောင်းပန်ပါတယ်ဆရာ၊ ကျွန်မဆီကို ကိုယ်ခန္ဓာအလေးချိန်ကျဖို့ ပိန်ဆေးအခုချက်ချင်းပဲပို့ပေးလိုက်ပါရှင်၊ ကျွန်မအမျိုးသားက ကျွန်မအတွက်ဆိုပြီး အရမ်းကောင်းတဲ့မွေးနေ့လက်ဆောင်တစ်ခုပေးတယ်၊ အဲဒါကျွန်မနဲ့မတော်ဘူးဖြစ်နေလို့ပါ။'

ဆရာဝန်က 'မနက်ဖြန်ကျမှ ဒီကိုလာခဲ့ပါဗျာ၊ ကျွန်တော်ခင်ဗျားကိုဆေးညွှန်းပေးလိုက်ပါ့မယ်၊ ဒါဆိုခင်ဗျားရဲ့အရမ်းကောင်းတဲ့ဝတ်စုံအသစ်ကို သိပ်မကြာပါဘူး ခင်ဗျားဝတ်လို့ရမှာပါ'ဟု ပြောလိုက်လေသည်။

ထိုအခါ အမျိုးသမီးက 'ကျွန်မက ကျွန်မယောကျ်ားပေးတဲ့မွေးနေ့လက်ဆောင်ဆိုတာ အကျီပါလို့ ပြောခဲ့လို့လားဆရာရယ်၊ ကျွန်မနဲ့မတော်တာက ကားပါ။'

❑ ❑ ❑

http://www.cherrythitsar.org



# တစ်ယောက်တစ်ဝက်စီ

အတော်လေးဝသည့် ကောလိပ်ကျောင်းသူ တစ်ယောက်အား မိခင်က ဆရာဝန်ထံ ခေါ်သွားလေသည်။ ကောင်မလေးက ကလန်ကဆန်လုပ်ခဲ့၏။ ဆရာဝန်ကြီးကိုယ်တိုင် ဝနေသည်ကို သတိပြုမိ၍ အချိန်ကုန်ခံပြီး သူမ ဝ,ရသည့် အကြောင်းရင်းကို ပြောမပြချင် တော့ပေ။

ဆရာဝန်ကသူမအား သိပြီးသော ပုံနှိပ်ထားသည့် အစားလျှော့စားရမည့်စာရင်းအားပေးကာ ပြောလိုက်လေသည်။

'သမီးရဲ့ကိုယ်အလေးချိန် ပေါင်လေးဆယ်ကျသွားလိမ့်မယ်'

ထိုအခါ မိန်းကလေးက 'ဟုတ်ပါတယ်။ ကျွန်မက ပေါင်နှစ်ဆယ်၊ ဆရာက ပေါင်နှစ်ဆယ်လျှော့သွားမယ်လေ'ဟု ပြန်ပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# ပျော်ပွဲစားမဟုတ်ဘူး

စိုထိုင်းထိုင်း ဩဂုတ်ရက်တစ်နေ့တွင် ချွေးပျံနေသော အမျိုးသမီးတစ်ဦးသည် အော်ဟစ်ဆူညံနေသော ကလေးများအား ဘတ်စ်ကားပေါ်သို့တင်နေ၏။ ကားခထည့်ရမည့် သေတ္တာထဲသို့ ငွေအကြွေထည့်လိုက်စဉ် ကားမောင်းသမားက သူမအား-

'ဒီကလေးတွေအားလုံး ခင်ဗျားကလေးတွေလား၊ ဒါမှမဟုတ် ပျော်ပွဲစားထွက်လာကြတာလား'ဟု မေးလေသည်။

'ဒီကလေးတွေအားလုံးကျွန်မကလေးတွေပါရှင်၊ ဒါပျော်ပွဲစား ထွက်လာတာမဟုတ်ဘူး'ဟု ပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



## ရေးထားတာက

လေယာဉ်နှင့် ခရီးစဉ်တစ်ခုမထွက်ခွါမီ အာမခံပေါ်လစီ တစ်စောင်အားဝယ်၍ အိမ်သို့ စာတိုက်မှပေးပို့ပြီးနောက်တွင် သူသည် အနီးအနားရှိပေါင်ချိန်စက်ပေါ် တက်ရပ်လိုက်၏။ ဗေဒင်ကဒ်တစ်ကဒ် ထွက်ကျလာ၏။ ဗေဒင်စာရွက်တွင် မကြာသေးခင်က ပြုလုပ်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုသည် ဝေစုအများကြီး ဝေခွဲပေးနိုင်ဖွယ်ရှိသည်ဟု ရေးသားထားလေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# သူ့စာလုံးကပိုကြီးတယ်


ရုပ်ရှင်မင်းသမီးတစ်ဦးသည် မင်္ဂလာဆောင်ပြီး နာရီဝက် အကြာတွင် ရှေ့နေရုံးခန်း၌ ကွာရှင်းရန် ရောက်နေ၏။ ရှေ့နေက 'ဒီလောက်အချိန်လေးနဲ့ ဘာဖြစ်လို့ကွာရှင်း ဖို့အထိ ဖြစ်ခဲ့ရတာလဲ' ဟုမေးလေသည်။

ထိုအခါ မင်းသမီးကပိုရင်း 'ဘုရားကျောင်းမှာပေါ့ လက်ထပ် မှတ်တမ်းစာအုပ်ထဲမှာ သူက သူ့နာမည်စာလုံးကို ကျွန်မနာမည် စာလုံးထက်ပိုကြီးအောင် ရေးခဲ့လို့ပါ' ဟုပြော လိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org





## ကံကောင်းတယ်

ဘောလုံးပြိုင်ပွဲသို့ နာရီဝက်နောက်ကျပြီးမှ ရောက်လာသော မိန်းမငယ်က ဘယ်နှစ်ဂိုးရနေပြီလဲဟု ဘေးမှလူအား မေးမြန်းကြည့်လေရာ 'တစ်ဂိုး မှမရသေးဘူး'ကြောင့်သိရသည်။

ထို့ကြောင့်မိန်းကလေးက၊အဖြေပေးသောသူအား-

'တော်သေးတာပေါ့။' 'ကျွန်မ ဘာမှလွတ် မသွားတာ'ဟု ပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



## ဘယ်နေရာလဲ

ဂျိုအန်း ။ ။ 'ယောက်ျားတွေ လက်ပတ်နာရီကလွဲလို့ တခြား ဘာမှမဝတ်တဲ့နေရာကို ငါသိတယ်။'

ဖားဂေါ့ ။ ။ 'ဘယ်နေရာလဲ၊ ဘယ်နေရာလဲ'

ဂျိုအန်း ။ ။ 'လက်ကောက်ဝတ်မှာလေ'

❑ ❑ ❑

http://www.cherrythitsar.org



# လိမ္မာပါးနပ်သည့်ဇနီး

လိမ္မာပါးနပ်သည့်ဇနီးသည်ဆိုသည်မှာ အိမ်မှယောကျ်ား အား ဧည့်ခံဖျော်ဖြေရေးကော်မတီ၏ ဥက္ကဋ္ဌပင်ဖြစ်လင့်ကစား၊ မိမိ ယောကျ်ား၏ စိတ်တွင်ကော်ပိုရေးရှင်း၏ ဥက္ကဋ္ဌအဖြစ်မြင်အောင် ပြောဆိုတတ်လေသည်။

❑ ❑ ❑

# ကွာရှင်းပြတ်ဆဲခြင်း

ကွာရှင်းပြတ်ဆဲခြင်းဆိုသည်မှာ လက်ထပ်ထိမ်းမြားခြင်း၏ အတိတ်ကာလပင်ဖြစ်၏။

❑ ❑ ❑

http://www.cherrythitsar.org



# အခုချိန်မှာတော့

သူနာပြုဆရာမက ဒဏ်ရာရနေသူအား 'ရှင့်နာမည် ဘယ်လိုခေါ်လဲ။' 'ရှင့်ဇနီးဆီ အကြောင်းကြားချင်လို့ပါ။'

ထိုအခါလူနာက 'ကျုပ်နာမည်ကို အခုအချိန်ဆို သူမ သိသင့်နေပြီပေါ့ဗျာ' ဟုပြန်ဖြေလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org





# သတိထားပေါ့

'အချစ်ရေ၊ ကိုယ်မင်းရဲ့လက်ကလေးကို နမ်းလို့ရမလား' ဟု လူငယ်က ချစ်သူအား ရှေးရိုးအစဉ်အရ မေးလိုက်လေသည်။

'ရတာပေ့ါ၊ ရတာပေ့ါ။' 'ဒါပေမယ့် ရှင့်ရဲ့နှာခေါင်းကို ကျွန်မ စီးကရက်မီး အပူလောင်သွားအုံးမယ်။ သတိတော့ထားနော်' ဟု ခေတ်သမီးပျို ဂျိန်းက ပြန်ပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# လာပြန်မေးတယ်လေ

လူတစ်ယောက်သည် မကျေမနပ်နှင့်၊ ရှေ့နေရုံးခန်းထဲသို့ ဝင်လာလေသည်။ 'ဒီမှာကြည့်ပါအုံးဗျာ။' 'ဆရာ ကျွန်တော့်ကို လွန်ခဲ့တဲ့လ ရှစ်ရက်နေ့က နှစ်ခါဆွေးနွေးလို့ဆိုပြီး ငွေယူလိုက်တယ်။ ကျွန်တော်ဒီကို တစ်ခါပဲလာတာလေ။'

ထိုအခါရှေ့နေက 'လွန်ခဲ့တဲ့လရှစ်ရက်နေ့က၊ အဲဒီနေ့က တနင်္လာနေ့လေ၊ ကျုပ်မှတ်မိတာ မှန်တယ်ဆိုရင်၊ အဲဒီနေ့ကမိုးရွာတဲ့နေ့ပဲ' ဟု သွက်သွက်လက်လက်နှင့်ပြန်ပြောလေသည်။

'ဟုတ်ပါတယ်၊ မိုးရွာတဲ့နေ့ပါ' ဟု အမှုသည်ကဖြေလိုက်၏။

'အဲ-ခင်ဗျားထွက်သွားပြီးတော့ ခင်ဗျားထီးများ ကျန်ခဲ့လားဆိုပြီးမေးဖို့ ခင်ဗျားပြန်ရောက်လာတယ်လေ'

❑ ❑ ❑

http://www.cherrythitsar.org



# မလိုသေးလို့ပါ

စိတ်ပူပင်နေသောလူတစ်ယောက်သည် ဆရာဝန်ဆေးခန်း ထဲသို့ ဝင်လာလေသည်။ 'ဆရာ ကျွန်တော့်ကို ကူညီပါ။ ကျွန်တော် လွန်ခဲ့တဲ့ငါးနှစ်က အကြွေးစာ တစ်စောင်မျှချမိလို့'

'ဟာ၊ တကယ့်လူပဲ' ဆရာဝန်က အော်လိုက်လေသည်။

'ခင်ဗျား ဘာဖြစ်လို့ အချိန်ငါးနှစ်တောင်မှ စောင့်နေရတာလဲ။ ခင်ဗျား အကြွေးစာကို မျှချမိတဲ့နေ့မှာပဲ ဆရာဝန်တစ်ယောက်ဆီ သွားပြပါ တော့လားဗျာ'

'အမှန်ပြောရရင် ဆရာရယ်၊ အဲဒီအချိန်တုန်းက ကျွန်တော်ငွေမလိုသေးလို့ပါ' ဟု ပြန်ဖြေလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# မှတ်ဉာဏ်စစ်နေတာလား

ဟော်လီဝုဒ် စူပါမင်းသမီးတစ်ဦးသည် ငါးကြိမ်မြောက် အိမ်ထောင်ပြုပြန်၏။ လက်ထပ်စာချုပ်ထုတ်ပေးသော စာရေးက 'အရင်တုန်းက ခင်ဗျားလက်ထပ်ဖူးလား၊ အကယ်၍ လက်ထပ်ဖူးတယ် ဆိုရင်လဲ ဘယ်သူနဲ့လဲ' ဟု မေးလေသည်။

၎င်းမေးခွန်းသည် သူမအဖို့ လွန်လွန်း၏။ သူမက 'ဘာလဲမှတ်ဉာဏ် စစ်ဆေးတဲ့စာမေးပွဲလား'ဟု အေးစက်စက် အမူအရာနှင့် မေးလိုက်သည်။

❑ ❑ ❑

http://www.cherrythitsar.org



# စာအုပ်ထဲမှာပဲလေ

'မင်းကိုယ့်ကို ဖုန်းနံပါတ်မပေးဘူးလား' ဟု သူက တတွတ်တွတ်ပြောနေ၏။

သူမက'ဖုန်းစာအုပ်ထဲမှာရှိတယ်လေ' ဟုဖြေလိုက်၏။

'သိပ်ကောင်းတာပေါ့' 'ဒါဆို မင်းနာမည်ဘယ်သူလဲ' ဟု သက်ပြင်း ချရင်းမေးလိုက်ပြန်သည်။

သူမက 'ဒါလည်း စာအုပ်ထဲမှာပဲရှိတယ်လေ' ဟု မာဆတ်ဆတ်ပြော လိုက်လေတော့သည်။

❑ ❑ ❑

http://www.cherrythitsar.org



# ရန်ဖြစ်ရမယ့်အကြောင်း

စျေးသည်တစ်ဦးသည် ရောင်းကုန်ပစ္စည်းများအား လူနေအလွန်ထူထပ်သော ဆင်ခြေဖုံးတစ်ခုတွင် လှည့်လည်ရောင်းချနေ၏။ အတန်ကြာရောင်းချပြီးသည့်နောက်တွင် သူသည်အိမ်တစ်လုံးရှေ့ခေတ္တရပ်နေ၏။ ထိုအိမ်ထဲမှ အိမ်တွင်းရေး ပဋိပက္ခဖြစ်သံကျယ်ကျယ်လောင်လောင်ထွက်လာ၏။ စျေးသည်က ရပ်၍နားထောင်စဉ် ကလေးငယ်တစ်ဦးသည် အိမ်ထဲမှ ပြေးထွက်လာလေသည်။

'ဘာဖြစ်လို့လဲကွ၊ ကလေး' ဟု စျေးသည်က မေးလေသည်။

'မင့်မိဘတွေ ရန်ဖြစ်နေကြတာလား'

'ဟုတ်တယ်၊ ဦး' 'သူတို့အမြဲတမ်းပဲ ရန်ဖြစ်နေကြတယ်လေ' ဟု ကောင်လေးက ဖြေ၏။

'မင်းရဲ့အဖေကဘယ်သူလဲ' ဟု စျေးသည်က မေးလေသည်။

'သူတို့ အမြဲတန်း ရန်ဖြစ်နေကြတာ အဲဒါကြောင့်ပေါ့' ဟု ကောင်လေးက ပြန်ဖြေလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# ဒါပဲပြောစို့ရှိတယ်

သူငယ်ချင်းနှစ်ဦးသည် အိမ်တွင်းရေးဘဝအကြောင်းကို ဆွေးနွေးနေကြ၏။ 'ရိုးရိုးသားသားပြောကွာ၊ မင်းအိမ်မှာ ဘယ်သူက အမိကဆရာလဲ' ဟု တစ်ယောက်ကမေးလေသည်။

'အဲ၊ ကလေးတွေ၊ အစေခံတွေ၊ ခွေး၊ ကြောင်၊ ကနေရီ ငှက်အကုန်လုံးကို မေရီကပဲအုပ်ချုပ်တယ်' 'ဒါပေမယ့်ငါပြောချင်တဲ့ အရာကိုတော့ ရွှေငါးလေးကိုပဲ ပြောလို့ရတယ်ကွာ' ဟု ပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# မစိုးရိမ်ပါနဲ့

ကျွန်တော့ သူငယ်ချင်းတစ်ဦးသည် မိုးကြိုးခြိမ်းသံကို အလွန်ကြောက်ရွံ့လေသည်။ ကြားသည်ကိုပင် မခံနိုင်ချေ။

ကြံရာမရသည့်အဆုံး၌ သူသည်နာမည်ကျော်စိတ်ရောဂါကု ဆရာဝန်ထံသို့ သွားပြလေသည်။

'ဒါမဖြစ်နိုင်တာပဲ' ဟု ဆရာဝန်က ပြောသည်ကို နားထောင်ပြီးသောအခါ ပြောလေသည်။ 'မိုးခြိမ်းတယ်ဆိုတာ သဘာဝမွှတာပဲ။ ဘာမှကြောက်စရာမှမရှိတာခင်ဗျာ့၊မိုးခြိမ်းသံ ကြားတဲ့ အခါတိုင်းမှာ ကျုပ်ပြောသလိုလုပ်။ ခင်ဗျားခေါင်းကို ခေါင်းအုံးအောက်မှာ မြှုပ်ထားလိုက် မိုးခြိမ်းသံပျောက်သွားလိမ့်မယ်'

❑ ❑ ❑

http://www.cherrythitsar.org



## မနည်းချွတ်ရတယ်

| | | |
|---|---|---|
| လက်ထပ်ခွင့်တောင်းရမ်းသူ | ။ ။ | 'မင်းအစ်မကို ငါပေးလိုက်တဲ့ စေ့စပ်လက်စွပ် ကို မင်းအစ်မ သဘောကျရဲ့လား ဘော်ဘီ' |
| ဘော်ဘီ | ။ ။ | 'အဲ၊ အဲဒါ နည်းနည်းသေးနေတယ်၊ အခြား ငနဲတစ်ယောက် ဖုန်းဆက်တော့ အစ်မက အဲဒါကိုမနည်း ချွတ်ယူခဲ့ရသေးတယ်။' |

❑ ❑ ❑

http://www.cherrythitsar.org



# မေးပါရစေ

အလုပ်သမား ။ ။ 'ကျွန်တော့်ဇနီးသည်က၊ လူကြီးမင်းဆီကနေ ကျွန်တော့်ကို လခတိုးတောင်းခိုင်းပါတယ်'

အလုပ်ရှင် ။ ။ 'ရပါတယ်။ ကျုပ်လည်းခင်ဗျားကို လစာတိုးပေးရမလားဆိုပြီး ကျုပ်မိန်းမကို မေးကြည့်ထားမယ်လေ။'

❑ ❑ ❑

http://www.cherrythitsar.org



# ပြန်ထွက်ပါရစေ

အိမ်၌အိပ်ပျော်နေသော အရက်ဆိုင်ပိုင်ရှင်သည် မနက် သုံးနာရီတွင်ဖုန်းမြည်၍ နိုးလာလေသည်။ အသံတစ်သံက ပြော၏။

'ခင်ဗျားရဲ့အရက်ဆိုင် မနက်ဘယ်အချိန်မှာဖွင့်လဲ'

'၁၂နာရီမှ' ဟု မာန်မဲကာ ဖုန်းခွက်အား ဆောင့်ချလိုက်လေသည်။

ဖုန်းချပြီးမိနစ်အနည်းငယ်ကြာသည့်အခါတွင် ဖုန်းမြည်လာပြန်၏။ ထိုအသံပင်ဖြစ်၏။ 'မနက်ဘယ်အချိန်မှာ ခင်ဗျားဆိုင်ဖွင့်မလဲ'

'ကျုပ်မင်းကို ပြောပြီးပြီလေ။ နေ့လည်ကျမှခင်ဗျားဆိုင်ထဲဝင်လို့ရမှာပေါ့'

'ကျွန်တော်ကဆိုင်ထဲဝင်ချင်တာမဟုတ်ပါဘူး။ ဆိုင်ထဲကနေအပြင်ထွက်ချင်တာပါ။'

❑ ❑ ❑

http://www.cherrythitsar.org



# နို့မို့ရင်မြင်တယ်

ချာလီသည် ရွာထဲတွင်အရှက်တတ်ဆုံးကောင်လေး ဖြစ်သည်။ တစ်ညနေခင်း၌ သူကသူ့မိသားစု အား လူပျိုလှည့်ထွက်မည်ဟု ပြော၍ တစ်မိသားစုလုံး အံ့သြသင့်ကြသည်မှာ သဘာဝကျ၏။ တစ်နာရီကျော်ကြာ အဆင့်သင့်ဖြစ်အောင်လုပ်ပြီး၊ သူထွက်သွားလေသည်။ နာရီဝက်ကြာပြီးနောက်တွင် ချာလီပြန်ရောက်လာလေသည်။ သူ့ကိုယ်သူလည်း အလွန်ကျေနပ်နေပုံရ၏။

'ပြန်လာတာစောလှချည့်လား၊ အခြေအနေဘယ်လိုရှိလဲ' ဟု မိခင်ဖြစ်သူကမေးလေသည်။

'ကောင်းပါတယ်' ဟု ချာလီက ပြုံးရင်းဖြေလိုက်၏။

'သူမနဲ့သားတွေ့ခဲ့လား'

'ဟုတ်ကဲ့ သားတွေ့ခဲ့ပါတယ်။ အကယ်၍ သားသာအစပ်ရဲ့ နောက်မှာ ဝပ်မနေခဲ့ဘူးဆိုရင်တော့၊ သူမလည်း သားကိုမြင်မှာ ပါပဲ'

❑ ❑ ❑

http://www.cherrythitsar.org



# ကျွန်မမမြင်ရတာ

သတို့သမီးငယ်တစ်ဦးသည် မိသားစုပိုင် ကားတစ်စီးအား စမောင်းခါစ ဖြစ်၏။ တစ်နေ့တွင် သူမသည်သူမ၏ ခင်ပွန်းအား ကားရှေ့မှန်သည် ထောင့်မှန်မကျကြောင်း ညီးတွားပြ၏။

'ဘာဖြစ်လို့လဲ၊ ဘာပြဿနာရှိလို့လဲကွာ' ဟု ခင်ပွန်းသည်က မေးလိုက်၏။

'ကျွန်မကိုယ်ကျွန်မ၊ အဲဒီမှန်ထဲမှာမမြင်ရဘူး၊ ကျွန်မမြင်ရတာ တစ်ခြားကားတွေ ကျွန်မနောက်က လာတာကိုဘဲ မြင်နေရတယ်' ဟု ပြန်ပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# ပြင်လို့ရမလား

လူနာနှင့် ဆရာဝန်တို့ စကားပြောနေကြ၏။

လူနာ ။ ။ 'ကျွန်တော်တို့တစ်ဦးနဲ့တစ်ဦး သိကျွမ်းလာတာ ကြာပြီပဲ ဆရာရယ်။ ဒီတော့ ကျွန်တော်ဆရာ့ကို ကျသင့်ငွေပေးပြီး စော်ကားတာမျိုး မဖြစ်ချင်ဘူး။ ဒါပေမယ့်ကျွန်တော့်ရဲ့ သေတမ်းစာထဲမှာတော့ ဆရာ့အတွက် အမွေကောင်းကောင်းချန်ခဲ့ပါ့မယ်'

ဆရာဝန် ။ ။ 'ရပါတယ်ဗျာ။ ဒါနဲ့ဗျာ ခင်ဗျားကိုကျုပ်ပေးလိုက်တဲ့ဆေးအညွှန်းကို ကျုပ်ကိုပြန်ပေးပါလား။ ဆေးစာအညွှန်းမှာ နည်းနည်းလောက်ပြင်ချင်လို့ပါ'

❑ ❑ ❑

http://www.cherrythitsar.org



# ဆွဲထုတ်ပေးမှာပေါ့

စိတ်လှုပ်ရှားနေသော ဇနီးသည်က ‘ဆရာ၊ မြန်မြန်လုပ်ပါဦး။ ကျွန်မယောက်ျား သေခြင်းရဲ့တံခါးဝကို ရောက်နေပါပြီ။’

ဆရာဝန်က ‘စိတ်မပူပါနဲ့ အမျိုးသမီးရာ။ ကျုပ်သူ့ကို အထဲကနေ ဆွဲထုတ်ပေးပါ့မယ်။’

❑ ❑ ❑

http://www.cherrythitsar.org



# အတူတူပါပဲ

ကူဖော်လောင်ဖက်မရှိ ဧည့်သည်လာခဲသော ကဲလ်ဖက်စ် မြို့၊ အိမ်တစ်အိမ်တွင် သားငယ်တစ်ယောက်သည် မိခင်ဖြစ်သူအား အလွန်တရာကူညီချင်နေ၏။ ထိုအချိန်မှာပင် ဖခင်ဖြစ်သူက ညစာ စားမည့် ဧည့်သည်နှစ်ဦးနှင့်အတူ ရောက်လာလေသည်။

ညစာစားပြီးလုလုအချိန်တွင် သားဖြစ်သူက မီးဖိုချောင်သို့ ဝင်သွားပြီး အစာသွပ်မုန့်တစ်ခုအား ဂုဏ်ယူစွာနှင့် သယ်လာကာ ဖခင်ဖြစ်သူအား ပေးလိုက်ရာ ဖခင်ဖြစ်သူက ဧည့်သည်တစ်ယောက် အား ကမ်းပေးလိုက်လေသည်။ ကောင်လေးသည် ဒုတိယမြောက် မုန့်ကိုယူ၍ ဝင်လာကာ အဖေအား ပေးလိုက်ပြန်သည်။ အဖေက နောက်ဧည့်သည်တစ်ဦးအားပေးပြန်လေသည်။ ဤဖြစ်ရပ်သည် ကလေးအတွက် လွန်လွန်းနေ၏။ သူက ‘ဖေဖေ လုပ်မနေ တော့နဲ့ မုန့်တွေကအကုန်လုံး အရွယ်အတူတူတွေပဲ’ ဟု အသံမြင့်၍ ပြော လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# အဲလိုသာဖြစ်မယ်ဆိုရင်

မနက် နှစ် နာရီထိုးမှ အိမ်ပြန်ရောက်လာသော ခင်ပွန်းသည်အား ဇနီးသည်က 'ရှင့်ရဲ့ နေမကောင်းဖြစ်နေတယ်ဆိုတဲ့ သူငယ်ချင်းလက်ကို ရှင်တစ်ညလုံးကိုင်ထားပေးမှာလို့ ကျွန်မထင်နေတာ' ဟု မာဆတ်ဆတ်ပြော၏။

'ကိုယ်သာ သူ့လက်ကို အဲဒီလောက်ကိုင်ထားမယ်ဆိုရင် ကိုယ်မင်းကို မြွေပါအမွေးရှည်ကုတ်အင်္ကျီတစ်ထည် ဝယ်ပေးဘို့ ရလောက်အောင် ငွေရလိမ့်မှာပေါ့ကွာ။'

❑ ❑ ❑

http://www.cherrythitsar.org



# ပုံတွေက

လူတစ်ဦးအား စိတ်ရောဂါအထူးကု ဆရာဝန်က စမ်းသပ်စစ်ဆေးနေ၏။ ဆရာဝန်က လူနာအား စက္ကူတစ်ရွက်ပေါ်တွင် စတုရန်း ပုံတစ်ပုံအား ရေးဆွဲပြကာ သူ့စိတ်ထဲ ဘာဖြစ်လဲဟုမေးလေသည်။

လူနာက 'လိင်ကိစ္စအကြောင်း တွေးမိပါတယ်၊ ဆရာ' ဟု ပြောလေသည်။ ဆရာဝန်က 'အိုး'ဟု ပြောပြီး၊ စက်ဝိုင်းပုံတစ်ပုံ ရေးပြပြန်သည်။ 'ဒါကိုကြည့်တော့ခင်ဗျားဘာကိုသတိရလဲ။' 'လိင်ကိစ္စပဲ ဆရာ၊ လိင်ကိစ္စပဲ' ဟု လူနာကဖြေ၏။ စတုရန်းပုံအား စာရွက်ပေါ်တွင် ဆွဲပြလိုက်၏။ လူနာက 'ပွင့်ပွင့်လင်းလင်းပြောရရင် လိင်ကိစ္စပဲ' ဟု ဖြေလေသည်။ သစ်ပင်တစ်ပင် ကားတစ်စီးနှင့် ဘတ်စ်ကားတို့အား တစ်ခုပြီးတစ်ခု ဆရာဝန်က ဆွဲပြလေသည်။ 'လိင်ကိစ္စပဲဆရာ၊ လိင်ကိစ္စပဲ' ဟု ကုတင်ပေါ်မှလူနာက ပြောလေ သည်။ အဆုံးတွင် ဆရာဝန်သည်ခဲတံအား ပစ်ချကာ 'ခင်ဗျား ဖြစ်နေတဲ့ ပြဿနာက ဘာလဲဆိုတာ၊ ရှင်းနေတာပဲ။ ခင်ဗျားဟာ လိင်စိတ် မမှန်တဲ့လူပဲ' ဟု ပြောလိုက်လေသည်။ 'ဗျာ၊ ကျုပ်က လိင်စိတ်မမှန်တဲ့လူလား' 'ဆရာပဲကျွန်တော့ကို ညစ်ညမ်းတဲ့ ပုံတွေဆွဲပြတာလေ' ဟုပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org





## ဈေးကြီးတဲ့မိန်းမ

နာမည်ကျော်စာရေးဆရာတစ်ဦးသည် ဘူတာရုံသို့အငှား ကားငှားစီးသွား၏။ ကားဒရိုင်ဘာက သူပေးသောအပိုကြေးကို ကြည့်ပြီး၊ ကားသမားလူရွယ်က ပြောလိုက်လေသည်။ 'ပြီးခဲ့တဲ့ အပတ်က၊ ဆရာ့ ဇနီးပေးတာ ဆရာပေးတာထက် နှစ်ဆများ တယ်'

'ကျုပ်မအံ့သြပါဘူးဗျာ၊ ကျုပ်ဇနီးကချမ်းသာတဲ့ ယောက်ျား ရထားတာလေ။ ကျုပ်အဖို့တော့ ဈေးကြီးတဲ့မိန်းမရထားတာဗျ' ဟု ပြန်ပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# ပီတာမင်ဖိနပ်

အမျိုးသမီးတစ်ဦးသည် ဖိနပ်ဆိုင် တစ်ဆိုင်သို့ဝင်သွားပြီး လိုချင်သောအမျိုးအစား ဖိနပ်တိုက်ဆေးကို မေးမြန်းလေသည်။ ‘စိတ်မကောင်းပါဘူး အစ်မရယ်။ ကျွန်တော်တို့ အဲဒီတံဆိပ်ကို မတင်လို့ပါ’ ဟု အရောင်းစာရေးက ဖြေလေသည်။ ‘ဒါပေမယ့်၊ ဒါတွေထဲက တစ်ခုခုကိုတော့အစ်မကြီး စိတ်တိုင်းကျဖြစ်မယ်ထင်ပါတယ်။’

‘ဟင့်အင်း’ ‘ကျွန်မ အဲဒီတံဆိပ်ရမှဖြစ်မှာ’ ဟု ဇွတ်ပြော လေသည်။

‘အဲဒါက ကလေးတွေဖိနပ်အတွက် အထူးလုပ်ထားတာလေ။ ပြီးတော့ ဗိုက်တာမင်ပါပါတယ်။ ဒီတော့ ကလေးက သူ့ဖိနပ်ကို ဝါးတာနဲ့ တပြိုင်နက် ဗိုက်တာမင်ပါ စားပြီးသား ဖြစ်သွားတာပေါ့။’

❑ ❑ ❑

# ဒဲဒီလိုလူစားမျိုး

မိန်းခလေးတစ်ဦးသည် အလွန်ပင် စိတ်ခာတ်ကျနေပုံရ၏။ သူငယ်ချင်းက ဘာကြောင့်လဲဟု မေးလေသည်။

'ငါတို့လမ်းထဲက တွမ်မီစမစ်ပေါ့။ ငါ့ကို ငတုံး၊ ငအလို့ချည်း ပြောပြောနေတယ်' ဟုပြောလေသည်။ ထိုအခါ သူငယ်ချင်းဖြစ်သူက ဤသို့ပြောလိုက်လေတော့သည်။ 'တွမ်မီစမစ်က ဘာလဲဆိုတာ နင်သတိမထားမိဘူးလား။'

'သူ့မှာနေစရာအိမ်မရှိဘူး၊ သူ့ကိုယ်ပိုင်အတွေးအခေါ်ဆိုလို့ ဘာမှမရှိဘူး။ အခြားလူတစ်ယောက်ယောက်ကပြောတာကိုပဲ ပြန်ပြန်လျှောက်ပြောနေတာလေ။'

❑ ❑ ❑

http://www.cherrythitsar.org



## ရေးပေးပါလား

လူတစ်ယောက်သည် ဆရာဝန်အားသူဘာ ဖြစ်တာလဲဟု ပွင့် ပွင့်လင်းလင်းမေးလေသည်။ ဆရာဝန်က 'အဲ ခင်ဗျားက အစာကိုအလွန်အကျွံစားတယ်။ အလွန်အကျွံသောက်တယ်။ နောက်ပြီး တအားပျင်းတယ်' ဟုပြောလေသည်။

လူနာက 'ကျေးဇူးတင်ပါတယ်။ ဒါပေမယ့်တစ်စိတ်လောက် အဲဒါကို လက်တင်ဘာသာနဲ့ရေးပေးပါလားဗျာ။ ဒါမှ ရုံးကနေ တစ်ပတ်လောက် ခွင့်ယူလို့ရမှာမို့လို့ပါ။' ဟု ပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# အိပ်ရင်းလမ်းလျှောက်သူ

ဂျူးဘုရားကျောင်းတွင် ဧည့်သည်ဘုန်းတော်ကြီးတစ်ပါးအား တရားဟောပေးခိုင်းရာ သူ့တွင်ရှိသမျှ တရားဟောစွမ်းရည် အပြည့်အဝကိုသုံး၍ဟောပြောလေသည်။

တစ်နာရီမျှသူဟောပြီးသောအခါ ပရိတ်သတ်ကလည်း အာရုံစိုက်နားထောင်နေပုံရလေသည်။ သို့ရာတွင် အဆုံးသတ်တော့မည်လုပ်စဉ် ရှေ့တန်းမှ ပုပုဝဝလူတစ်ယောက်သည် ထိုင်ခုံမှထကာ ဘုရားကျောင်းထဲမှထွက်သွားလေသည်။ ဘုန်းတော်ကြီးသည် စိတ် ထိခိုက်သွားပြီးတရားပွဲအပြီး၌တရားဟောတုန်းရှိနေခဲ့သော လူက သူ့သားစိတ်ထိခိုက်အောင်လုပ်ခဲ့ကြောင်းကို ပရိသတ်ဥက္ကဋ္ဌအား ပြောပြလေသည်။

'အို၊ သူနဲ့ပတ်သက်လို့ စိတ်မကောင်းမဖြစ်ပါနဲ့ဗျာ' 'အဲဒီလူက အိပ်နေရင်းနဲ့လမ်းလျှောက်တတ်တဲ့အကျင့် ရှိလို့ပါ' ဟု ဖျောင်းဖျောင်းဖျဖျ ပြောဆိုလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# မလုပ်ဖူးလို့

လူနာအခြေအနေဆိုးလာသည်ကို တွေ့ရ၍ ဆရာဝန် အံ့ဩသင့်သွားလေသည်။

'ကျွန်ုပ်ပြောတဲ့အတိုင်း ခင်ဗျားလုပ်ရဲ့လား'

'လုပ်ပါတယ်၊ ဆရာ'

'တစ်နေ့ကို စီးကရက်ဆယ်လိပ်ထက် ပိုမသောက်ဘူးနော်'

'ဟုတ်ပါတယ်၊ ဆရာ။ ဒါပေမယ့် ကျွန်တော်အဲဒါကြောင့် ဆိုးလာတာထင်တာပဲ၊ ဘာလို့လဲဆိုတော့ ကျွန်တော့်မှာ ဆေးလိပ် တစ်ခါမှ မသောက်ဖူးတာ'

❑ ❑ ❑

http://www.cherrythitsar.org



# အကြောင်းကဒီလို

အဘိုးသည် အသက် ၁၀၀ပြည့် မွေးနေ့ပွဲ ကျင်းပပြုလုပ်နေ၏။ လူတိုင်းက အဘိုးအိုအား ဘယ်လိုကျန်းမာသန်စွမ်းကြောင်းနှင့် ကြံ့ခိုင် နေသေးကြောင်းကို ချီးမွမ်းပြောဆိုကြ၏။ 'ကျုပ်အခုလိုအောင် မြင်ရတဲ့လျှို့ဝှက်ချက်ကိုပြောပြမယ်' ဟု တအွတ်အွတ်နှင့် ပြော၏။ အဘိုးနဲ့အဘိုးမိန်းမတို့ လက်ထပ်ခဲ့ကြတာ လွန်ခဲ့တဲ့ ၇၅နှစ်ကပေါ့။ အဘိုးတို့ လက်ထပ်တဲ့ညမှာပဲ ကတိသစ္စာပြုခဲ့ကြတယ်။ အဲဒါက အဘိုးတို့ဘယ်အချိန်မှာပဲ ရန်ဖြစ်ရင်ဖြစ် မှားတဲ့လူဟာ အပြင်ထွက် ပြီးလမ်းလျှောက်ရမယ်လို့ ကတိသစ္စာပြုထားကြတယ်။ ဒီတော့ အဘိုးလေဟာပြင်ထဲမှာ ရှိနေခဲ့တာ ၇၅နှစ်ရှိခဲ့ပြီပေါ့။'

❑ ❑ ❑

http://www.cherrythitsar.org



# ဘာလုပ်ရမှာတုန်း


အမျိုးသမီးက သူတောင်းစားအား 'ရှင်မရှက်ဘူးလား၊ လမ်းမှာရပ်ပြီးတောင်းနေရတယ်လို့'ဟု ပြောလိုက်၏။

သူတောင်းစားက 'ဒီတော့ကျွန်တော်က ဘာလုပ်ရမှာတုန်း ရုံးခန်းဖွင့်ရမှာလား။'ဟုပြန်ပြောလိုက်တော့သည်။

❑ ❑ ❑

http://www.cherrythitsar.org





## မြင်ဖူးလား

'မုန်လာဥဝါစားတာ မျက်စေ့အတွက် တကယ်ပဲအကျိုးရှိလို့လား'

'အဲ ၊ ယုန်တွေမျက်မှန်တပ်ရတာခင်ဗျားမြင်ဖူးလို့လား။'

❑ ❑ ❑

http://www.cherrythitsar.org



## အဲဒီအခါ

တောင်းရမ်းလာသူ - 'ကျွန်တော်လူကြီးမင်းရဲ့ သမီးကိုလက်ထပ်ချင်လို့ပါ ခင်ဗျာ'

စီးပွားရေးသမား - 'အဲ၊ ရပါတယ်။ မင်းရဲ့နာမည်နဲ့လိပ်စာကို ထားခဲ့လိုက်ပေါ့။ မင်းထက်သာတဲ့လူတစ်ယောက်မှပေါ်မလာဘူးဆိုရင်တော့၊ ကျုပ်တို့ မင်းကိုအကြောင်းကြားပါ့မယ်။'

❑ ❑ ❑

http://www.cherrythitsar.org



## ဒါလေးများ

သူသည် အရမ်းကြိုးစားသော်လည်း မိန်းကလေးနှင့် အဆင်ပြေပုံမရချေ။

'မင်းရဲ့လှပတဲ့လက်ကလေးတွေ၊ မင်းရဲ့စွဲမက်စရာနှုတ်ခမ်းနဲ့။ မင်းရဲ့လှပတဲ့မျက်ဝန်းတွေကို မင်းဘယ်ကနေရတာလဲကွာ'ဟု တိုးတိုးလေး ရေရွတ်လေသည်။

မိန်းကလေးက အေးစက်စက်နှင့်ပြန်ဖြေလေသည်။

'အို၊ ဒါလားကျွန်မခေါင်းနဲ့အတူပါလာတာပေါ့ရှင်'

❑ ❑ ❑

http://www.cherrythitsar.org



# ထူးချွန်သူ


အမျိုးသမီး - 'ဆရာ၊ ကျွန်မယောက်ျားဆီမှာ ကြောက်စရာကောင်းတဲ့ရောဂါတစ်ခုရှိတယ်။ ကျွန်မသူ့ကို အကြာကြီးစကားပြောတယ်။ ဒါပေမယ့် ကျွန်မ စကားတစ်ခွန်းကိုမှ သူမကြားဘူး။'

အထူးကုဆရာဝန် - 'အဲဒါရောဂါမဟုတ်ဘူးဗျ၊ အဲဒါပါရမီပါလာတာပါ။'

❑ ❑ ❑

http://www.cherrythitsar.org





## မအံ့ဩပါ

ငါးနှစ်အရွယ် ကလေးတစ်ဦးသည် ရှုံ့တွတွမွေးကင်းစ သူ့ညီကလေးအားကြည့်ရင်း အဆုံးတွင် သူကဤသို့ မှတ်ချက်ချ လိုက်လေသည်။ မေမေ သူ့ကို ဒါကြောင့်အမေရဲ့ အကျီအောက် မှာ ဒီလောက် အကြာကြီးဖွက်ထားတာကိုး အံ့ဩစရာမှမဟုတ် တာပဲ။'

❑ ❑ ❑

http://www.cherrythitsar.org



# ဘယ်သူလုပ်တာလဲ

သတို့သမီး - 'ဒီပူတင်းမုန့်ကို ကျွန်မဖာသာ ကျွန်မလုပ်လာတာ လေ။' 'ဘယ်သူ့အကူအညီမှ မပါဘူး'

ဟက်ဘီ - 'ကောင်းတာပေါ့။ ဒါနဲ့အဲဒီပူတင်းမုန့်ကို၊ မီးဖိုထဲက အပြင်ရောက်အောင် ဘယ်သူက ကူပြီးမပေးခဲ့တာ လဲ'

❑ ❑ ❑

http://www.cherrythitsar.org



# သဘောအတိုင်းပါ

အထိမ်းအမှတ်ဆေးရုံ၌ ယောက္ခမအသည်းအသန် နေမကောင်းဖြစ်နေကြောင်း အကြောင်းကြားသည့် သံကြိုးတစ်စောင်ရလေသည်။ သူသည် ဖုန်းရှိရာသို့သွား၍ ခွဲစိတ်ဆရာဝန်ကြီးအား ဖုန်းခေါ်ကာ အဘွားကြီး အတွက် မျှော်လင့်ချက်များရှိမလားဟု မေးကြည့် လေသည်။

ထိုအခါ ဆရာဝန်ကြီးက-'ဒါကတော့ မိတ်ဆွေရာ။ ခင်ဗျားဘယ်ပုံဘယ်နည်း မျှော်လင့်သလဲဆိုတာအပေါ် မူတည်တာပေါ့ဗျာ။' ဟုပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# မလွယ်ပါလား

မေရီက အမေဖြစ်သူအား မေးလေသည်။ 'မေမေ၊ သမီး အိမ်ထောင်ကျတဲ့အခါကျရင်၊ ဖေ့ဖေ့လိုယောကျ်ားမျိုးရမှာလားဟင်'

'ဟုတ်တာပေါ့၊ သမီးရဲ့'

'အကယ်၍ သမီးအိမ်ထောင်မပြုဘူးဆိုရင်ရော၊ အန်တီ အက်ဂါဘာလို အပျိုကြီးဖြစ်မှာလားဟင်'

'အေးပေါ့၊ သမီးရယ်'

'မေမေရယ်၊ ဒါဆို သမီးတို့လို အမျိုးသမီးအတွက် ဒီလောက ကြီးက မလွယ်ဘူးပေါ့နော်၊ မေမေ။'

❑ ❑ ❑

http://www.cherrythitsar.org





## အချစ်စစ်သဘော

ချစ်ရေးချစ်ရာ၌ လူသည်မျက်စေ့ကို ပိတ်ထားပြီး စိတ်တံခါးကိုသာ ဖွင့်ထားသည့် မိန်းခလေးတစ်ယောက်နှင့် တူလေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# တော်မှမတော်တာ

အလွန်နာမကျန်းဖြစ်နေသော အမျိုးသမီးတစ်ဦးသည် ခင်ပွန်းသည်အားပြောလေသည်။ ‘ကျွန်မသေမယ်ဆိုရင်၊ ရှင်နောက်အိမ် ထောင်ပြုပါ။ ဒါပေမယ့် ကတိတစ်ခုတော့ ကျွန်မကိုပေးပါ။ အဲဒါက ကျွန်မရဲ့ အဝတ်အစားတွေကို နောက်မိန်းမကိုပေးမဝတ်ဖို့ပါပဲ’

‘အေးပါကွာ၊ ငါပေးမဝတ်ပါဘူး၊ နောက်ပြီး အဲဒါတွေကလည်း သူနဲ့လည်းမတော်ပါဘူးကွာ’ ဟု မကျေမချမ်းနှင့်ပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



## အဲဒီအထိပါပဲ

အမျိုးသား - 'ဒီတော့မင်းက မင်းရဲ့အလုပ်ရှင်ကို လက်ထပ်လိုက်တယ်ပေါ့။ မင်းသူ့အတွက် အလုပ်လုပ်ပေးနေတာ ဘယ်လောက်ကြာနေပြီလဲ'

အမျိုးသမီး - 'ကျွန်မသူ့ကိုရတဲ့အထိပါပဲ'

❑ ❑ ❑

http://www.cherrythitsar.org



# ရထိုက်တာပေါ့

အမှုသည်၏သေတမ်းစာအကြောင်းကို စစ်ဆေးနေသော ရှေ့နေကဂျင်းရို့စ်အားပြောလေသည်။ 'ဒီထဲမှာ မှားနေတယ်လို့ ကျွန်တော်ယုံကြည်တယ်။ ခင်ဗျားဇနီးသည် အိမ်ထောင်မပြုဘဲ နေရင် ခင်ဗျားကခင်ဗျားဇနီးသည်အတွက် တစ်နှစ်ငွေငါးထောင် ချန်ခဲ့မယ်လို့ဆိုတယ်။ အကယ်၍ နောက်အိမ်ထောင်ပြုမယ်ဆိုရင် တော့ တစ်နှစ်ကို တစ်သောင်းချန်ခဲ့မယ်လို့ဆိုတယ်။ အဲဒါဟုတ် တယ်နော်'

'ဟုတ်ပါတယ်' 'သူ့ကို လက်ထပ်မယ့်လူက အဲဒါကို ရထိုက် လို့ပါ'ဟုအမှုသည်က ပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# ကျွန်မဆိုလိုတာက

အမျိုးသမီး - 'ရှင်ချစ်ခဲ့ဘူးလား'

အမျိုးသား - 'တစ်ခါတော့ချစ်ခဲ့ဖူးတယ်'

အမျိုးသမီး - 'ကျွန်မပြောတာက ရှင့်ကို ရှင်ချစ်တာကိုပြောတာ မဟုတ်ဘူး၊ အခြားတစ်ယောက်နဲ့ချစ်ခဲ့ဘူး လားလို့ပြောတာ'

❑ ❑ ❑

http://www.cherrythitsar.org



# ကြားဖူးရဲ့လား

စိတ်ပူနေသူ အမျိုးသားသည် ဆရာဝန်ထံသို့ မနက် သုံးနာရီတွင် ဖုန်းဆက်လေသည်။

'ဆရာမြန်မြန်လာခဲ့ပါလားဗျာ။ ကျွန်တော့်မိန်းမ အူ အတက် ယောင်နေလို့ပါ' ဟု ဆရာဝန်အား ပန်ကြားလေသည်။

ထိုအခါဆရာဝန်က 'မဖြစ်နိုင်တာဘဲ၊ ခင်ဗျာ့ဇနီးကို ဆော် ဒါနည်းနည်းတိုက်လိုက်၊ ပြန်အိပ်ပျော်သွားလိမ့်မယ်' ဟု စိတ်ချ လက်ချနေရန် ပြောလိုက်လေသည်။

'ဒါပေမယ့် ဆရာရယ်၊ အရေးကြီးနေပါတယ်။ လာခဲ့ပေး ပါခင်ဗျာ'

'ကဲ၊ မစ္စတာဖီးလစ်။ လွန်ခဲ့တဲ့သုံးနှစ်တုံးက ကျုပ်ခင်ဗျာ့ ဇနီးကို ခွဲစိတ်တုန်းက အူအတက်ကို ထုတ်ပေးခဲ့ပြီးပါပြီ။ ဒီတော့ လူတစ်ယောက်မှာ ဒုတိယမြောက် အူအတက် ရှိနေတယ်လို့ ခင်ဗျားကြားဖူးလို့လား။' ထိုအခါဖီးလစ်က 'ဆရာ၊ဆရာရော လူတစ်ယောက်မှာ ဒုတိယမြောက်ဇနီးတစ်ယောက်ရှိတယ်ဆိုတာ ကိုရော ကြားဖူးရဲ့လား'ဟု ပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# ပေးထားပြီးသားမို့

အကြင်လင်မယားတစ်စုံသည် ဆယ့်သုံးယောက်မြောက် ကလေး မိခင်ဖခင်များဖြစ်လာကြသောအခါ ကလေးငယ်အား ဂျိန်းဟုအမည်ပေးကြ၍ မွေးဖွားပေးသာ တာဝန်ရှိဆရာဝန်က ကလေးငယ်၏ မွေးစာရင်းတွင် ထိုအမည်ကို ရေးထည့်လိုက်၏။ နောက်ပိုင်းတွင် ဖခင်ဖြစ်သူက ဆရာဝန်ထံဖုန်းဆက်၍ ပြောလေသည်။ 'အဲဒီ နံမည်ကို ကန်နဒ်လို့ ပြောင်းပေးပါဆရာ။ ကျွန်တော်တို့ ဂျိန်းဆိုတဲ့ နံမည်ပေးထားပြီးပြီ ဖြစ်နေတယ်ဆိုတာ သိလိုက်ရလို့ပါ။'

❑ ❑ ❑

http://www.cherrythitsar.org



# သည်းမခံနိုင်ဘူး

မကြာသေးမီက ပျံသန်းခဲ့သည့် ဂျက်လေယာဉ်ခရီးစဉ်တွင် အသက်အလတ်ပိုင်းရွယ်ခရီးသည်တစ်ဦးသည် ဆေးပြင်းလိပ်တစ်လိပ်အား သောက်ရန်မီးညှိဖို့လုပ်စဉ် လေယာဉ်မယ်လေးက အမြန်လာရောက်၍ လေယာဉ်ပေါ်တွင် ဆေးပြင်းလိပ်သောက်ခွင့်မပြုကြောင်း သတိပေးလေသည်။ သို့ရာတွင် အတူခရီးသွားသည့် အဖော်က ခွင့်ပြုမည် ဆိုပါက ချွင်းချက်အဖြစ် သောက်နိုင်ကြောင်း ရှင်းပြလေသည်။

လေယာဉ်မယ်လေးသည် အမျိုးသားနံဘေးတွင် ထိုင်နေသော အမျိုးသမီးဘက်သို့လှည့်ကာ မေးလိုက်လေသည်။ 'ကန့်ကွက်ပါသလားရှင်'

'ဆေးပြင်းလိပ်ကို ကျွန်မတကယ့်ကို ရွံမုန်းပါတယ်' ဟု ခပ်ပြတ်ပြတ် ပြန်ဖြေလေသည်။

သို့ဖြစ်၍ လေယာဉ်မယ်လေးက အကြံပေးလိုက်လေသည်။

'ရှေ့တန်းမှာ ရှိနေတဲ့သူတွေကတော့ ဆေးပြင်းလိပ်နဲ့ နံလို့ဘယ်လိုမှနေကြမှာမဟုတ်ဘူး'

ထိုသူရှေ့သို့ သွားရန် မတ်တပ်ရပ်စဉ် အမျိုးသမီးက လေယာဉ်မယ်လေးဘက်ကိုလှည့်ကာ 'ကျွန်မအဲဒီလူနဲ့ လက်ထပ်လာတာ နှစ်သုံးဆယ်ရှိနေပြီ။ သူ့ရဲ့အဲဒီဆေးပြင်းလိပ်အနံ့ကြီးကို ကျွန်မအခုအချိန်ထိ ခံလို့ကိုမရဘူး' ဟု ပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# ဒီမှာပဲ

ကျေးရွာတွင်ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာဧည့်ခံပွဲသို့ လာရောက်သူတစ်ဦးအား သတို့သမီး၏ မိဘများနှင့် မိတ်ဆက်ပေးလေသည်။

'ခင်ဗျားတို့ရဲ့ ပျားရည်ဆမ်းခရီးကို ဘယ်ကိုခရီးထွက်ခဲ့ကြသလဲ'


ဇနီးသည်အား ပြုံးတီတီကြည့်လိုက်ပြီး အဘိုးကြီးက ပြန်ပြောလိုက်လေသည်။

'ကျုပ်တို့လန်ဒန်မှာ တစ်ပတ်နေခဲ့ကြတယ်။ ကျန်တာကတော့ ဒီရွာမှာပဲ လေးဆယ့်ငါးနှစ်လုံးနေခဲ့ကြတာ'

❑ ❑ ❑

http://www.cherrythitsar.org





## ရှိမှမရှိတာ


ဆရာဝန်က သွေးအားနည်းရောဂါဖြစ်နေသော လူနာအား ‘ကျုပ်ခင်ဗျားစားဖို့ သံဓာတ်ကို ဆေးအဖြစ်ပေးလိုက်မယ်’ ဟု ပြောလိုက်၏။

လူနာက ‘ဒါပေမယ့်ဆရာ ၊ ကျွန်တော့်မှာသွားမှမရှိတာ’ ဟု စိတ်ပျက်လက်ပျက်နှင့်ဖြေလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org





# အချစ်ဆိုသည်

အချစ်ဆိုသည်မှာ မျက်စေ့ကန်းနိုင်ပါ၏။ သို့ရာတွင် ဈေးကြီးကြီး လက်စွပ်တစ်ကွင်းနှင့် ဈေးပေါပေါတစ်ကွင်းကိုတော့ ဖြင့် ခွဲခြားပြောနိုင်ပါသည်။

❑ ❑ ❑

http://www.cherrythitsar.org



# ဆက်ခံသူ

ပါတီပွဲတစ်ပွဲတွင် ဆရာဝန်တစ်ယောက်နှင့် လူငယ်တစ်ယောက်တို့ တွေ့ဆုံကြ၏။

'ကျွန်တော်ဆရာ့ကို ကျေးဇူးတင်စကားဆိုရပါစေ ဆရာ။ ဆရာကုသပေးခဲ့လို့ ရရှိခဲ့တဲ့အကျိုးအမြတ်အတွက်ပါ' ဟု လူငယ်က ပြောလေသည်။

ဆရာဝန်က သူ့အား ကြောင်အအကြည့်လျက် 'ခင်ဗျားဟာ ကျုပ်ရဲ့ လူနာလို့ ကျုပ်မထင်ဘူး' ဟု ပြောလိုက်လေသည်။

'ဟုတ်ပါတယ်ဆရာ။ ကျွန်တော်ဟာ ဆရာ့ရဲ့လူနာ မဟုတ်ပါဘူး' ဟု နှစ်နှစ်လိုလိုပင် ပြန်ပြောလေသည်။

'ဒါပေမယ့် ဆရာ့ရဲ့လူနာက ကျွန်တော့်ဦးလေးပါ။ ကျွန်တော်က ဦးလေးရဲ့ အမွေဆက်ခံသူပါ။'

❑ ❑ ❑

http://www.cherrythitsar.org



# မဖမ်းပါနဲ့

ရွှေရောင်ဆံပင်နှင့် အမျိုးသမီးတစ်ဦးသည် ရဲစခန်းထဲသို့ ဝင်လာပြီး၊ စားပွဲရှိတပ်ကြပ်ကြီးအား သူမအား ဆံပင်မှဆွဲကာ လှေကားသုံးဆင့်အထိ ဆွဲချခဲ့၍ သေအောင်လည်ပင်း ညှစ်မည်ဟု ခြိမ်းခြောက်ကာ ရိုက်နှက်ခဲ့သော လူအကြောင်းအသေးစိတ် ပြောပြလေသည်။

'အဲဒီလောက်ပြောပြတယ်ဆိုရင်တော့ ဘာမှမကြာပါဘူး၊ ကျွန်တော်တို့သူ့ကိုဖမ်းပြီး၊ ထောင်ထဲပို့နိုင်မှာပါ' ဟု တပ်ကြပ်ကြီးက ပြောလေသည်။

'သူ့ကိုမဖမ်းစေချင်ဘူး၊ သူ့ကိုတွေ့အောင်ကိုပဲရှာပေးပါရှင်၊ ကျွန်မကို လက်ထပ်ပါ့မယ်လို့ ကတိပေးထားလို့ပါ' သူငယ်မက အကြောက်အကန် ပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# အပြစ်ရှိကြောင်းမတွေ့ပါ

တက္ကဆက်ရုံးတွင်၊ ကောင်လေးတစ်ဦးအား ကားခိုးမှု နှင့်တရားစွဲဆိုနေ၏။ အစစ်ဆေးခံပြီးသောအခါ၊ တရားသူကြီးက ဂျူရီလူကြီးအဖွဲ့အား အပြစ်မရှိကြောင်း စီရင်ခွင့်ချရန် တောင်းဆို လေသည်။

ဂျူရီအဖွဲ့၊ ရှေ့တန်းမှ တစ်ယောက်ကထ၍၊ ဝတ္တရားအပြည့်အဝနှင့် ကြေညာလိုက်လေသည်။ "တရားသူကြီးမင်းခင်ဗျား။ ကားခိုးသော ကောင်လေးမှာ အပြစ်ရှိကြောင်း ကျွန်တော်မျိုးတို့ မတွေ့ရှိပါ"ဟုသတည်း။

❑ ❑ ❑

http://www.cherrythitsar.org





# သေချာတာပေါ့

"အဲဒီ အိုဆန်ဆိုတဲ့ငနဲက ချမ်းသာတယ် မဟုတ်လား။ သူ ရွှေဇွန်းကိုက်ပြီး မွေးလာတယ်ထင်တယ်။"

"အဲ၊ ဟုတ်မှာပေါ့။ ဒါပေမယ့် အဲဒီဇွန်းပေါ်မှာ စားသောက်ဆိုင်တစ်ဆိုင်ရဲ့ နာမည်ပါလိမ့်မယ်လို့ ကျုပ်ပြောရဲတယ်။"

❑ ❑ ❑

http://www.cherrythitsar.org



# ထပ်မပေးတော့ပါ

လူတစ်ယောက်သည်၊ အသက်အာမခံရန် အာမခံလုပ်ငန်း တစ်ခုသို့ ရောက်သွားလေသည်။ အာမခံလုပ်ငန်း ကိုယ်စားလှယ် က မေးလေသည်။

"ခင်ဗျား ကားမောင်းလား"

"မမောင်းဘူး" ဟု အာမခံရန်လာသူက ပြောလေသည်။

"ခင်ဗျား လေယာဉ်ရောမောင်းလား"

"မမောင်းပါဘူး"ဟု အာမခံရန်လာသူက ဒုတိယမြောက် ဖြေ၏။

"ဒါဆိုစိတ်မကောင်းပါဘူးခင်ဗျာ" "ကျွန်တော်တို့ကုမ္ပဏီ က လမ်းသွားလမ်းလာတွေကို အာမခံထပ်မပေးတော့လို့ပါ" ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# အတူတူပါပဲ

လူနေအဆောက်အဦး၏ အစောင့်က ။ ။ "ပြန်လာလို့ပြောတယ်နော်။ ဒီနေရာကို ခွေးကိုခေါ်လာလို့မရပါဘူး ဆရာ"

ညည်းသည် ။ ။ "ဒါကျွန်တော့်ခွေး မဟုတ်ပါဘူး"

အစောင့် ။ ။ "ခင်ဗျားရဲ့ခွေးမဟုတ်ဘူး၊ ဒါဆိုဘာလို့ ဆရာ့နောက်လိုက်နေရတာလဲ"

ညည်းသည် ။ ။ "အဲဒါဆို၊ ခင်ဗျားလည်းလိုက်နေတာပဲလေ"

❑ ❑ ❑

http://www.cherrythitsar.org



# သိပြီလား

ညားကာစ လူငယ်လင်မယားတစ်စုံသည် ဆင်ခြေဖုံး ရပ်ကွက် တစ်ခုတွင် အခြေချနေထိုင်ကြပြီးသည့်နောက်ပိုင်းတွင် လက်ဆောင်ပစ္စည်းများစွာကို လက်ခံရရှိလေသည်။ နံနက်ခင်း တစ်ခင်းတွင် "ဒါဘယ်သူ ပို့လိုက်တယ်ထင်လဲ၊ မှန်း ကြည့်ပါ"ဟု ရေးထားသော စာရွက်နှင့်အတူ ပြဇာတ်လက်မှတ် နှစ်စောင်ကို သူတို့ ရရှိလေသည်။

ပြဇာတ်သွားကြည့်သည့် ညနေတွင်၊ သူတို့သည် ပြဇာတ်မှ အပြန်နောက်ကျလေသည်။ အိမ်တွင်ရှိသမျှ အဖိုးတန်ပစ္စည်း အားလုံးမရှိတော့၍ အံ့သြသင့်သွားကြလေသည်။

သို့ရာတွင်ထမင်းစားခန်း၏ စားပွဲပေါ်တွင် "ကဲအခုတော့ သိပြီ မဟုတ်လား"ဟု ရေးထားသော စာကို တွေ့လိုက်ကြ ရတော့သည်။

❑ ❑ ❑

http://www.cherrythitsar.org



# ကာကွယ်ချင်လို့

ဆံပင်ညှပ်ထိုင်ခုံတွင် ထိုင်နေသောလူက၊ ဆံပင်ညှပ်ဆရာအား လက်ညှိုးနှင့် အချက်ပြလေသည်။ "နောက်ထပ်ဂျုတ် တစ်ချောင်းရှိသေးလား"ဟု ခပ်တိုးတိုးလေးမေးသည်။

ဆံပင်ညှပ်ဆရာက "ဘာဖြစ်လို့လဲ" ဟု မေးလိုက်လေသည်။ ဆံပင်လာညှပ်သူက "ကျွန်တော် ကိုယ့်ကိုကိုယ် ကြိုတင်ကာကွယ်ထားချင်လို့ပါ" ဟု ဖြေလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# မကြောက်တတ်ခဲ့ပါ

အဘိုးကြီးနှစ်ဦးစကားပြောနေကြ၏။တစ်ဦးက-

“ဒီနေ့ခေတ်လူငယ်တွေ အိမ်ထောင်အတည်တကျ ပြုကြဖို့တွန့်ဆုတ်နေကြတာ၊ ကျုပ်အံ့ဩမိသဗျာ။ သူတို့ကို ကြည့်ရတာ အိမ်ထောင်ပြုဖို့ကို တကယ်ပဲ ကြောက်ရွံ့နေကြသလိုပဲ။ ကျုပ် အိမ်ထောင်မကျခင်တုန်းကဆို ကျုပ်ဟာ ကြောက်ရွံ့ခြင်းဆိုတဲ့ အဓိပ္ပါယ်ကို မသိခဲ့ဘူးဗျာ”ဟု သူငယ်ချင်းဖြစ်သူအား ပြောပြလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# မှားသွားလို့

တစ်ညတွင် လူတစ်ယောက်သည် ရဲဌာနတစ်ခုသို့ ဖုန်းဆက်၍ ကားလက်ကိုင်ဘီး၊ ကားဘရိတ်ခြေနင်း၊ လီဗာ၊ ကလပ်ခြေနင်းနှင့် ရှေ့ဒိုင်ခွက်ဘောင်တို့ အခိုးခံရကြောင်း၊ စိတ်လှုပ်တရှားနှင့် သတင်းပို့လေသည်။ ရဲအရာရှိတစ်ဦးက စုံစမ်းပေးပါမည်ဟု ကတိပေးလိုက်၏။ သို့ရာတွင် ဖုန်းချပြီးမကြာမီတွင် ဖုန်းထပ်မြည်လာပြန်သည်။

ထိုအသံရှင်ပင် ဖြစ်နေ၏။

"ဆရာ၊ အလုပ်ရှုပ်မခံပါနဲ့တော့။ ကျွန်တော်မှားပြီး နောက်ခင်းထိုင်ခုံထဲ ရောက်သွားလို့ပါ"ဟု ကြို့ထိုး၍ ပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# လိုမှာတောင်မဟုတ်ဘူး

တုတ်တုတ်ခိုင်ခိုင်နှင့် မိန်းမကြီးတစ်ဦးသည် ငယ်ရွယ်လှပသော အရောင်းစာရေးမလေးထံသို့ ချဉ်းကပ်လာပြီး၊ ရေမွှေးရောင်းသည့်ကောင်တာ၊ ဘယ်နေရာတွင် ရှိလဲဟု မေးမြန်းလေ သည်။ အရောင်းစာရေးမလေးက ယဉ်ယဉ်ကျေးကျေးပင်ပြော လိုက်၏။ "ဒီလမ်းအတိုင်း သွားရုံပါပဲ၊ အစ်မကြီး"

"ဟင်" "အဲဒီဘက်ကို သွားမယ်ဆိုရင်၊ ညီမရယ်၊ ရေမွှေးဝယ်ဖို့ အစ်မကြီးလိုအပ်မှာတောင် မဟုတ်တော့ဘူး" ဟုပြောလိုက်လေတော့သည်။

❑ ❑ ❑

http://www.cherrythitsar.org



# လွှတ်ပါ့မလား

ဗေဒင်ဆရာက "ပြောရမှာ စိတ်မကောင်းဘူးဗျာ။ ခင်ဗျား မကြာခင်၊ မုဆိုးမဖြစ်လိမ့်မယ်။ ခင်ဗျားယောက်ျား အသေဆိုးနဲ့ သေလိမ့်မယ်"ဟုခေါင်းခါရင်း ပြောလေသည်။

ဗေဒင်လာမေးသူက "ကျွန်မရော၊ တရားသေလွှတ်ပါ့ မလား" ဟု သိလိုဇောနှင့် မေးလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# ဘယ်အချိန်မှာလဲ

သူမသည် ဗေဒင်မေးကြည့်နေ၏။

ဗေဒင်ဆရာက "ဒီမှာအမျိုးသမီး၊ ခင်ဗျားဝမ်းသာပေတော့ ဗျာ။ ခင်ဗျားယောကျ်ားထက်ပိုပြီး စိတ်ဓာတ်မြင့်မြတ်ပြီး၊ ဥပဓိရုပ် ကောင်းတဲ့သူနဲ့ ခင်ဗျားတွေ့ဖို့ရှိတယ်"ဟု ထက်ထက်သန်သန်နှင့် ပြောလေသည်။

"ကောင်းတာပေါ့" "ဒါနဲ့ ကျွန်မ သူနဲ့ဘယ်အချိန်ကျမှ တွေ့ရ မလဲ"ဟု အမျိုးသမီးက စိတ်လှုပ်တရှားနှင့် မေးလိုက်လေ သည်။

❑ ❑ ❑

http://www.cherrythitsar.org



# မင်းအသက်က

ချာတိတ်လေးနှစ်ယောက် ဆုံမိကြ၏။ တစ်ယောက်က တစ်ယောက်အား မေးလေသည်။

"မင်းအသက်ဘယ်နှစ်နှစ်ရှိပြီလဲ"

"ငါ့အသက်ငါးနှစ်ရှိပြီ။ မင်းအသက်ရော။"

"ငါမသိဘူး"

"မင်းအသက်ဘယ်နှစ်နှစ်ရှိမှန်းမင်းမသိဘူးလား"

"မသိဘူး"

"မင်းမိန်းမတွေကြောင့် အနှောင့်အယှက်ဖြစ်တတ်လား"

"ဟင့်အင်း"

"ဒါဆို မင်းအသက်လေးနှစ်ပေါ့"

❑ ❑ ❑

http://www.cherrythitsar.org



# ဒါဆိုရင်တော့

ဆရာဝန်တစ်ဦးသည် ရုပ်ရည်ချောမောလှပသည့် လူနာတစ်ဦးအား စမ်းသပ်စစ်ဆေးပြီးနောက်၊ ပြုံးလိုက်၏။ "မစ္စအန်တာဆန်၊ ခင်ဗျားအတွက် မင်္ဂလာသတင်းပဲဗျ။" လူနာက- "ခွင့်လွှတ်ပါဆရာ၊ ကျွန်မ အိမ်ထောင်မရှိပါဘူး"ဟု ပြောလိုက်လေသည်။ "အို" "အဲ၊ မစ္စအန်တာဆန်၊ ဒါဆိုရင်တော့ အ မင်္ဂလာသတင်းပေါ့ဗျာ"

❑ ❑ ❑

http://www.cherrythitsar.org



# ပြောပါတော့လား

လူတစ်ယောက်သည် စကားအလွန်တတ်သော ကြက်တူရွေးတစ်ကောင်ကိုတွေ့၍ ဝယ်ပြီး၊ အိမ်သို့ ပြန်လာလေသည်။ ထိုနေ့၌ပင် ဇနီး ဖြစ်သူသည်လည်း ကြက်တစ်ကောင်ကို မှာရန်သွားလေသည်။ စားဖိုမှူးအား၊ လာပို့သည်နှင့်ချက်ထားရန် မှာကြားထား၏။ ကြက်တူရွေးသည် အရင်ဆုံးလာရောက်၍၊ အကြော်ဒယ်အိုး၌ အဆုံးသတ်သွားလေသည်။ ထိုသူလည်း ဖြစ်ပျက်ခဲ့သမျှတို့ကို သိရသောအခါ၊ ဒေါသတခြောင်းခြောင်း ထွက်လေတော့သည်။ 'အဲဒီ ကြက်တူရွေးက ဘာသာစကားဆယ် မျိုးတောင်တတ်တယ်ကွ' ဟု ထမင်းချက်အား အော်ဟစ်ပြောဆိုလေ သည်။ 'အင်' 'ဒါဆိုရင်လည်း၊ အဲဒီကောင်က ဘာဖြစ်လို့မပြောဘဲနေရတာလဲ။ တစ်ခွန်းခွန်းတော့ ပြောပါတော့လား၊ ဘာလို့မပြောတာလဲ'

❑ ❑ ❑

http://www.cherrythitsar.org



# ဘယ်သူရိုက်တာလဲ

ဂျိုး ။ ။ ‘ဒါအမေရိကန်မှာရှိတဲ့ ငါ့ကောင်မလေးရဲ့ပုံလေ။ ကြည့်စမ်းပါအုံးကွာ။ တခြားစုံတွဲတွေက ပျော်နေတဲ့ အချိန်မှာ သူတစ်ယောက်တည်း မပျော်နိုင်ဖြစ်နေတာ ကိုလေ။ ငါပြန်ရောက်လာမယ့်ရက်အထိ လက်ချိုး ရေတွက်နေမယ်လို့၊ သူက ငါ့ကိုပြောတယ်။’

ဆပ် ။ ။ ‘ဒါပေမယ့် တစ်ခုတော့ရှိတယ် ဂျိုးရ။ အခုဒီဓာတ်ပုံ ကိုဘယ်သူရိုက်ပေးတာလဲ။’

❑ ❑ ❑

http://www.cherrythitsar.org



# ဘယ်ပြောပါ့မလဲ

စိတ်အထူးကုဆရာဝန်တစ်ဦးသည် သူငယ်ချင်းဖြစ်သူအား အောက်လမ်းပညာနှင့် နီဂရိုးစုန်းပညာကို ယုံကြည်သောလူနာတစ်ဦး ၏ အကြောင်းအား ပြောပြနေ၏။

'အဲဒါတွေက ဘာမှအဓိပ္ပာယ်မရှိတာကို သူသိပုံမရဘူး'

'နီဂရိုးစုန်းပညာဆိုတာ၊ အယူသည်းမှု တစ်ခုပါပဲဗျာ' ဟု စိတ်အထူးကုဆရာဝန်က ပြောလိုက်၏။'

ထိုအခါမိတ်ဆွေက 'ဒါဆိုရင် ခင်ဗျားသူ့ကိုအဲဒီအကြောင်း ပြောပြလိုက်တာပေါ့၊ ဟုတ်လား' ဟု မေးလေသည်။

'ဟာ၊ မပြောပါဘူးဗျာ'။ 'သူ ကျွန်တော့်ကို ပြုစားလိုက်မှာပေါ့၊ ကျုပ်ကပြောချင်ပါ့မလား'ဟု ပြန်ပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



## သိမှမသိတာ

အမျိုးသမီးတစ်ဦးသည် မိမိမွေးထားသည့်ခွေး ရေသောက်ရန်အတွက်၊ ရေဇလားတစ်လုံး လိုချင်၏။ အရောင်းစာရေးက ဇလားတွင် 'ခွေးအတွက်'ဟူသော စာတန်းနှင့် ဇလားကို လိုချင်လားဟု မေးလေသည်။ သူမက 'ကိစ္စ မရှိပါဘူး' 'ကျွန်မယောက်ျားက ရေဘယ်တော့မှ မသောက်ဘူး။ ခွေးကလည်းစာမှ မဖတ်တတ်တာ'ဟု ပြန်ဖြေလေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# အဲဒီထဲကပဲ

ညဘက်တွင် အိပ်မပျော်ကြောင်း ပြောဆိုသော၊ လူတစ်ယောက်ရှိလေသည်။ ဆရာဝန်က၊ အိပ်ယာမဝင်ခင် တစ်ခုခုစားရန်သူ့အား အကြံပေး၏။ 'ဒါပေမယ့် ဆရာရယ်၊ လွန်ခဲ့တဲ့ သုံးလတုန်းက ဆရာပဲအိပ်ယာမဝင်ခင် အစာမစားဖို့ ပြောထားတယ်လေ'ဟု ပြန်အမှတ်ရရန်ပြောလေသည်။ ထိုအခါတွင်၊ ကြံရည်ဖန်ရည်ရှိသော ဆရာဝန်က 'ဒါပေမယ့်၊ အဲဒါက လွန်ခဲ့တဲ့ နှစ်လတုန်းကလေ၊ ဆေးသိပ္ပံပညာ အံ့မခန်းတိုးတက်လာတာ၊ အဲဒီအချိန်ကတည်းကပဲ' ဟု ပြန်ပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# ရောင်းချင်လို့ပါ

သူမသည် သူ့အား၊ အခြားတစ်ယောက်နှင့် သူမချစ်နေပြီဟုပြောပြီး၊ သူပေးခဲ့သောလက်စွပ်အား ပြန်ပေးလေသည်။

ထိုအခါ၊ ချစ်သူ၏ စွန့်ပစ်ခြင်းခံရသူက 'အဲဒီအခြားသူ ဘယ်သူလဲဆိုတာ မင်းငါ့ကို ပြောပြလို့ရပါတယ်ကွာ'ဟုပြောလေသည်။

'ဘာဖြစ်လို့လဲ'။ 'ရှင်သူ့ကို နှစ်ယောက်ချင်း စိန်ခေါ်ပြီး၊ စိန်ခေါ်ပွဲများလုပ်မလို့တော့ မဟုတ်ပါဘူးနော်'ဟုရှက်စနိုးနှင့် မေးလေသည်။

'အဲဒီလောက်မပေါစမ်းပါနဲ့ကွာ' 'ငါကသူ့ကို ဒီလက်စွပ် ရောင်းကြည့်ချင်လို့ပါ' ဟုပြန်ပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org





# ဘယ်သူ့ဖိနပ်လဲ

သူ ။ ။ 'မင်းနဲ့ငါ စတွေ့တုန်းက၊ မင်းဘာကို စွဲလမ်းသွားတာလဲ'

သူမ ။ ။ 'ရှင့်ရဲ့ခြေထောက်ကိုပေါ့၊ ကျွန်မကြားဖူးတာတော့၊ ကမ္ဘာမှာ မေတ္တာအရှိဆုံးဆိုတဲ့ လူတွေဟာ ခြေထောက် အကြီးကြီးတွေ ရှိတယ်တဲ့။ ကျွန်မတွေ့ခဲ့ဖူးသမျှ ဖိနပ်တွေထဲမှာ ရှင်ဝတ်ထားတဲ့ ဖိနပ်က အကြီးဆုံးပဲ'

သူ ။ ။ 'မင်း ငါ့ကိုမြှောက်နေပြန်ပါပြီ'

သူမ ။ ။ 'ဒါနဲ့၊ ကျွန်မကို ပြောပြစမ်းပါ၊ ရှင်ဘယ်သူ့ ဖိနပ်ကို စီးထားတာလဲ'

❑ ❑ ❑

http://www.cherrythitsar.org



# အပေါ်ပိုင်းက သူငယ်ချင်းဟာ

ဆရာဝန်က လူနာအား မေးလိုက်လေသည်။ 'အဲဒီ ပုလင်းထဲက ဘာတွေလဲ'

'ဘရန်ဒီတွေပါ ဆရာ'

'အရက်ကို ထပ်မသောက်တော့ပါဘူးလို့ ခင်ဗျားပေးထားတဲ့ ကတိကို ခင်ဗျား မမှတ်မိတော့ဘူးလား'

'မှတ်မိပါတယ် ဆရာ၊ ဒါပေမယ့် ဒါ မများလှပါဘူး'

'မများလှဘူး ဟုတ်လား။ များတာပေါ့ မိတ်ဆွေရ'

'ဒီဘရန်ဒီတွေအားလုံး ကျွန်တော့်ဟာ မဟုတ်ပါဘူး။ တစ်ဝက်က ကျွန်တော့်သူငယ်ချင်းဟာပါ'

'ကဲ၊ ဒါဆိုရင်လည်း ခင်ဗျားရဲ့ တစ်ပိုင်းကို ထုတ်ပစ်လိုက်ဗျာ'

'ကျွန်တော် ထုတ်ပစ်လို့ မရဘူးဆရာ။ ဘာလို့လဲဆိုတော့ ပုလင်းထဲမှာရှိနေတဲ့ အပေါ်ပိုင်းက ကျွန်တော့် သူငယ်ချင်းဟာမို့ လို့ပါ'

❑ ❑ ❑

http://www.cherrythitsar.org



# အခုပဲ မြင်မိတယ်

သဘော်နစ်မြုပ်၍ သဘော်သားနှစ်ဦးတို့သည် ဖောင်ဖြင့် ရက်ပေါင်းများစွာ မျောနေကျ၏။ သဘော်သားတစ်ဦးသည် ကြံရာမရဖြစ်ကာ ဒူးထောက်ထိုင်ချ၍ ဆုတောင်းလေတော့သည်။ 'အို၊ ဘုရားသခင်၊ ကျွန်တော်မျိုးသည် ဘဝတွင် ကောင်းကောင်း မွန်မွန် မနေထိုင်ခဲ့ပါ။ အရက်ကိုလည်း အရမ်းသောက်ပါတယ်။ လိမ်ညာ၍လည်း ပြောဆိုခဲ့ပါသည်။ သူတစ်ပါးကိုလည်း လိမ်ညာခဲ့ပါတယ်။ လောင်းကစားလည်း လုပ်ခဲ့ပါတယ်။ မိန်းမများနှင့်လည်း ရှုပ်ပွေခဲ့ပါတယ်။ မကောင်းသည်တို့ကို များစွာကျူးလွန်ခဲ့ပါတယ်။ သို့သော်လည်း တပည့်တော်ကို ကယ်တင်မည်ဆိုပါက တပည့်တော်ကတိ . . .'

ထိုအခါ သူနှင့်အတူ သဘော်သားက "ထပ်မပြောနဲ့တော့" 'ငါအခုပဲ ကျွန်းတစ်ကျွန်းကို မြင်လိုက်ရတယ်' ဟု ပြောလိုက်တော့သည်။

❑ ❑ ❑

http://www.cherrythitsar.org



# ဒီလောက်ကို ပါတယ်

ကလေးငယ်က မိခင်ဖြစ်သူအား မေးလိုက်လေသည်။

'မေမေ၊ သွားတိုက်ဆေးဗူးထဲမှာ သွားတိုက်ဆေး ဘယ်လောက်ပါလဲဆိုတာ မေမေသိလား'

ထိုအခါ မိခင်က 'မသိဘူး' ဟု ပြန်ဖြေလိုက်၏။

ကလေးငယ်က 'အဲ၊ သားသိတယ်၊ ရေချိုးခန်းကနေ ဧည့်ခန်းဆိုဖာထိ ရောက်တယ်လေ' ဟု ဖြေလိုက်လေတော့သည်။

❑ ❑ ❑

http://www.cherrythitsar.org



# သွားနေမှာပေါ့

ထက်မြက်၍ လုပ်နိုင်ကိုင်နိုင်သော်လည်း အလွယ်ကူဆုံး အိမ်မှုကိစ္စများနှင့် တွေ့ကြုံရသည့်အခါ မလုပ်တတ်မကိုင်တတ် ဖြစ်သော ခင်ပွန်းအား ဇနီးသည်က မခံမရပ်နိုင်ဖြစ်၍ သူငယ်ချင်းဖြစ်သူ ဘီအားက ယောက်ျားလုပ်သူ ဖရန့်စ်အား ချက်ပြုတ်တတ်ရန် အကျီချုပ်တတ်ရန်၊ အဝတ်လျှော်တတ်ရန် သင်ထားပေးကြောင်း ထောက်ပြလေသည်။

အကယ်၍ ဘီအား တစ်ခုခုဖြစ်ပါက ဖရန့်စ် သူ့ဘာသာသူ လုပ်နိုင်ကြောင်း ပြော၏။

ထို့နောက် ဇနီးသည်က ခင်ပွန်းဖြစ်သူအား 'ကျွန်မ တစ်ခုခု ဖြစ်ရင် ရှင်ဘာလုပ်မလဲ' ဟု မေးလိုက်လေသည်။

ထိုအခါ ခင်ပွန်းသည်က ဖြစ်လာနိုင်ကောင်းသည်ဟု အတန်ကြာအောင် စဉ်းစားရင်း ဝမ်းပန်းတသာနှင့် ပြောလိုက် လေသည်။
'ကိုယ် ဖရန့်စ်နဲ့ သွားနေမယ်လေ'

❑ ❑ ❑

http://www.cherrythitsar.org



# အချိုကြိုက်လွန်းသူ

ပီတာသည် အချိုဆို အာသာမပြေ အလွန်ကြိုက်၏။ သို့ဖြစ်၍ ၎င်းကြောင့် အလွန်ခံရခက်သော သွားကိုက်ဝေဒနာကို ရှောင်လွှဲမရခဲ့ပေ။

သွားဆရာဝန်က သွားကို နှုတ်ပေးခဲ့ရလေသည်။ ထို့နောက် ပီတာက နှုတ်ထားသည့်သွားအား အိမ်သို့ ယူသွားနိုင်မလားဟု မေးသောအခါ သွားဆရာဝန်က အံ့ဩသင့်ခဲ့ရလေသည်။

သွားဆရာဝန်က 'ယူသွားလေ' 'ဒါပေမယ့် ခင်ဗျား ဒါကို ဘာလုပ်မလို့လဲ' ဟု မေးလေသည်။

ထိုအခါ ပီတာက အရည်လဲ့နေသောမျက်လုံးတို့ဖြင့် ပြောလိုက်လေတော့သည်။ 'ကျွန်တော် ဒီသွားကို အိမ်ကိုယူသွားမယ်။ ပြီးရင် အဲဒီထဲကို သကြားအပြည့်ထည့်မယ်။ ပြီးရင် ဒီသွားကိုက်လာတာကို ထိုင်ပြီး ကြည့်ပစ်မယ်။'

❑ ❑ ❑

http://www.cherrythitsar.org



# မတူကြလို့

တရားသူကြီးရှေ့တွင်ရပ်၍ မျက်ရည်အရွဲသားနှင့် အမျိုးသမီးတစ်ဦးသည် လျှောက်လဲလေသည်။ 'တရားသူကြီးမင်းရှင့်၊ ကျွန်မရဲ့ ခင်ပွန်းသည်ကို အိမ်ထောင်ဖောက်ပြန်မှုနဲ့ တရားစွဲဆိုချင်ပါတယ်။ ကျွန်မအပေါ် သူ သစ္စာမရှိဘူးလို့ ကျွန်မ ထင်ပါတယ်'

တရားသူကြီးက 'ခင်ဗျားမှာ သက်သေရှိလို့လား' ဟု မေး၏။

ထိုအခါ အမျိုးသမီးက 'ဟုတ်ကဲ့၊ တရားသူကြီးမင်းရှင့်။ ကျွန်မ သားသမီးသုံးယောက်ရဲ့ မျက်နှာတွေကို ကျွန်မ ကြည့်ကြည့်ပါတယ်။ ဘယ်သူကမှ သူနဲ့ မတူကြပါဘူး' ဟု ပြောလိုက်တော့သည်။

❑ ❑ ❑

http://www.cherrythitsar.org



# လျှောသွားတာက

'ငါ့ မိန်းမက ကိုယ်အလေးချိန်ကျအောင်ဆိုပြီး မြင်းတစ်ချိန်လုံး စီးနေတယ်ကွာ'

'ဒီတော့ ဘာဖြစ်လဲ'

'ပြီးခဲ့တဲ့အပတ်က မြင်းပဲ အလေးချိန် ဆယ်ပေါင်လောက် ကျသွားတယ်ကွာ'

❑ ❑ ❑

http://www.cherrythitsar.org



# နေ့တာ တိုလာလို့

ကလေးငယ်က သကြားလုံးရောင်းသူအား ပြောလေသည်။

'ကျွန်တော့်ကို တစ်နေကုန်ဆုပ်နေလို့ရမယ့် သကြားလုံး တစ်လုံး ပေးပါ'

သို့ဖြစ်၍ သကြားလုံးရောင်းသူက ကလေးငယ်အား သကြားလုံး ပေးလိုက်လေသည်။

'တော်တော်လေး သေးပုံရတယ်နော်'

ထိုအခါ သကြားလုံးရောင်းသူက 'ဟုတ်တယ်လေ၊ အခု နေ့တာတိုတိုလာတာကိုး' ဟု ပြောလိုက်တော့သည်။

❑ ❑ ❑

http://www.cherrythitsar.org



# အတူတူလုပ်လိုက်မယ်လေ

တစ်ညနေ၌ ဒိုင်သူကြီးတစ်ဦးသည် ဘက်စကတ်ဘောပွဲ တစ်ပွဲတွင် ဆူညံစွာ အော်ဟစ်အားပေးနေသော လူအုပ်စုထဲတွင် ဇနီးသည်ကို တွေ့လိုက်ရ၍ ဇနီးသည်အား သူ ဒိုင်လူကြီးလုပ်ရမည့် နောက်ထပ်ပွဲစဉ်များကိုမကြည့်ရန် ပြောလေသည်။

'မင်းဘေးနားက လူတွေက ကိုယ့်ကိုထပြီး အော်ဟစ်ရှုံ့ချကျ ရင် မင်းနေရ ထိုင်ရခက်လိမ့်မယ်'

ထိုအခါ ဇနီးသည်က 'ဒါဆိုလည်း သိပ်တော့မဆိုးလှပါဘူး၊ ကျွန်မပါ ထရပ်ပြီး အော်ဟစ်ရှုံ့ချလိုက်မှာပါ' ဟု ဖြေလိုက်၏။

❑ ❑ ❑

http://www.cherrythitsar.org



# အခုပဲ မျိုချလိုက်တယ်

ယောက်ျားလေးများကဲ့သို့ ဆော့ကစားသည့် သုံးနှစ်အရွယ် ကလေးမလေး၏ မိဘများသည် အလွန်တရာ စိတ်ရှည်ရှည်နှင့် သည်းခံလာခဲ့ပြီးနောက်တွင် သမီးဖြစ်သူ ကလေးမလေးအား အစာမစားခင် ဆုတောင်းတတ်ရန် သင်ပေးခဲ့၏။ ထို့နောက်ပိုင်း တစ်နေ့၌ ကလေးမလေး ရေချိုးနေရင်း ဆုတောင်းစာ သေသေချာချာ ရွတ်ဆိုနေသည်ကို ကြားလိုက်ရသည်။

ထိုအခါ မိခင်က 'ဆုတောင်းစာဆိုရမှာ ဒီအချိန်မဟုတ်ဘူးလေ' 'ထမင်းမစားခင် သမီးဆိုရမှာလေ' ဟု ပြောလိုက်လေသည်။

ထိုအခါ ကလေးမလေးက ကြည်ကြည်နူးနူးလေသံဖြင့် ပြန်ဖြေလိုက်တော့သည်။

'သမီးသိပါတယ်' 'သမီး အခုလေးပဲ ဆပ်ပြာတစ်တုံးမျိုချလိုက်မိလို့ပါ'

❑ ❑ ❑

http://www.cherrythitsar.org



# ပဲ့တင်သံ

သွားဆရာဝန်က လူနာအသစ်အား စမ်းသပ်စစ်ဆေးစဉ် ပါးစပ်ကို ကျယ်ကျယ်ဟထားရန် ပြောလိုက်လေသည်။

'အားပါး' ကျုပ်မြင်ဖူးသမျှ သွားပိုးစာတဲ့ အပေါက်တွေထဲမှာတော့ ဒါ အကြီးဆုံးအပေါက်ပဲ' 'ကျုပ်မြင်ဖူးသမျှ သွားပိုးစားတဲ့ အပေါက်တွေထဲမှာတော့ ဒါ အကြီးဆုံး အပေါက်ပဲ'

လူနာက 'ပြန်ထပ်ပြီး ပြောနေစရာမလိုပါဘူး ဆရာရယ်' ဟု ခပ်ဆတ်ဆတ်ကလေး ပြောလိုက်လေသည်။

ထိုအခါ သွားဆရာဝန်က 'ကျုပ် ထပ်ပြောနေတာမဟုတ်ဘူး' 'အဲဒါ ပဲ့တင်ထပ်ပြီးထွက်လာတဲ့ အသံပါ' ဟု ပြောလိုက်လေသည်။

❑ ❑ ❑

http://www.cherrythitsar.org



# ထုတ်သွားမှာလား

ဓားပြတစ်ဦးသည် စားသောက်ဆိုင်တစ်ဆိုင်ထဲသို့ ပြေးဝင်လာ၏။ သေနတ်ကိုထုတ်၍ ငွေကိုင်စာရေးအား ပြောလိုက်လေ သည်။

'ငွေတွေအကုန်လုံး ကျုပ်ကိုပေးစမ်း'

ထိုအခါ ငွေကိုင်စာရေးက 'ဟုတ်ကဲ့ခင်ဗျာ၊ ငွေတွေကို ဒီမှာပဲ ရေတွက်မှာလား၊ ဒါမှမဟုတ် ထုတ်သွားမှာလား' ဟု ပြန်မေး လိုက်၏။

❑ ❑ ❑

http://www.cherrythitsar.org



# ပထမအကြိမ်ပဲ

အမျိုးသား - 'မင်းဘာလို့ ဒီလောက် ခုန်ဆွခုန်ဆွ ဖြစ်နေရတာလဲ။ တစ်ခုခု စားမိလို့လား'

အမျိုးသမီး - 'ထင်တာပဲ။ ဖားခြေထောက်ကို ကျွန်မစားမိတာ ဒါ ပထမအကြိမ်ပဲ'

❑ ❑ ❑

http://www.cherrythitsar.org



# ငါးကောင်ပဲ ရတယ်

တက်ဒီလေး - 'မင်းပုံကို ကြည့်ရတာ တော်တော်ဆိုးနေတယ်။ ဘာများဖြစ်လို့လဲ'

အက်ဒီလေး - 'ငါ နှုံးချိနေပြီကွာ။ ညဘက် ငါ အိပ်လို့မရဘူး'

တက်ဒီလေ - 'ဒါဆိုလည်း သိုးကောင်ရေ ရေတွက်ပြီး အိပ်ကြည့်ပါလား'

အက်ဒီလေး - 'အဲဒါ အလုပ်မဖြစ်ပါဘူး။ ငါ ရေတာ ငါးကောင် အထိပဲ ရေလို့ရတယ်'

❑ ❑ ❑

http://www.cherrythitsar.org



# ကျုပ်ရောင်းတာ

မေးသူ - 'ကဲ ပြောပါအုံး မိတ်ဆွေရာ၊ ခင်ဗျားရောင်းတဲ့ ပစ္စည်းရဲ့ နောက်ဘက်မှာ ခင်ဗျားရပ်ပြီး နေ တတ်လား'

ရောင်းသူ - 'ဟာ မရပ်ပါဘူး'

မေးသူ - 'ဘာဖြစ်လို့လဲ'

ရောင်းသူ - 'ကျုပ်က မြည်းကောင်တွေ ရောင်းတာလေ'

❑ ❑ ❑

http://www.cherrythitsar.org



# အကြောင်းက

ပန်းကန်ပြားပျံ တစ်စင်းသည် ကောင်းကင်ယံမှ မြို့ပြင် အိမ်တစ်လုံးရှေ့ မြက်ခင်းပေါ်သို့ ရုတ်တရက် ဆင်းသက်လာလေသည်။ ခန္ဓာကိုယ်အစိမ်းရောင်နှင့် ပိစိကွေးလူလေးတစ်ဦးသည် ပန်းကန်ပြားပျံထဲမှ ခုန်ထွက်လာကာ အိမ်တံခါးဆီသို့ ပြေးသွား၍ ခေါင်းလောင်းတီးတော့သည်။ တံခါးပွင့်သွား၏။ ထိုအခါ ပိစိကွေးလူလေးက ဤသို့ ပြောလိုက်၏။

'မြန်မြန်လုပ်ပါ၊ ကျုပ်ကို အိမ်သာကို ခေါ်သွားပေးပါ'

❑ ❑ ❑

http://www.cherrythitsar.org



# အရင်ကလား

ပါတီပွဲတစ်ခု၌ မိမိဘေးနားရှိ စွဲမက်စရာရွှေရောင်ဆံပင်နှင့် မိန်းကလေးအား ဆံပင်အနက်နှင့် မိန်းကလေးက သူ့ကိုယ်သူ စမိုက်သာရဲ့ဇနီးပါဟု မိတ်ဆက်လိုက်လေသည်။

ထိုအခါ ရွှေရောင်ဆံပင်နှင့် မိန်းကလေးက. . .

'တွေ့ရတာ ဝမ်းသာပါတယ်ရှင်'

'ကျွန်မက သူ့ရဲ့ အတွင်းရေးမှူးအသစ်ပါ' ဟု ပြန်ဖြေ၏။

ထိုအခါ ဆံပင်အနက်နှင့် မိန်းကလေးက. . .

'အို အရင်ကလား' ဟု ပြန်မေးလိုက်တော့သည်။

❑ ❑ ❑

http://www.cherrythitsar.org



# မေးတော့လည်း

မိခင် - 'ကဲ - ဂျင်မီ၊ မေမေ့ကို ပြောစမ်း၊ သား မစ္စစ်စမစ်ကို ဘာတွေ သွားမေးလိုက်တာလဲ၊ အခု သူ ဒေါသ အရမ်းဖြစ်နေတယ်'

ဂျင်မီ - 'သားဘာမှ မမေးပါဘူး၊ မေမေ မေးခိုင်းတဲ့ အတိုင်း ပဲ မေးတာပဲ။ သား ပြောလိုက်တာက သူ့အသက် ဘယ်လောက်ရှိပြီလဲလို့ မေမေက သိချင်လို့ပါလို့ ပြောလိုက်တာပါပဲ'

❑ ❑ ❑

http://www.cherrythitsar.org

